မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီ ၃၀ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၂၂)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ရထားလမ်းနှင့် ကားလမ်းနှစ်လမ်းပါ ရေဝတီတံတား(ညောင်တုန်း) ပထမဆုံး သံပေါင်တင် ရွှေမှုလီတပ်ဆင်ခြင်း မင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့(၅)က တာဝန်ယူတည်ဆောက်လျက်ရှိသော ရေဝတီတံတား(ညောင်တုန်း) ပထမဆုံး သံပေါင်တင် ရွှေမှုလီတပ်ဆင်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့တွင် ရေဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ် ကြိမ်ပင်ဆည်ဘက်ကမ်းရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပန်းဖွားအကအဖွဲ့များ၊ ဖိတ်ကြားထားသူများ၊ ဒေသခံပြည်သူများနှင့် တံတားစီမံကိန်းဝန်ထမ်းများ တက်ရောက်ကြသည်။

တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်းနှင့် ဝန်ကြီး ဦးခင်မောင်မြင့်တို့ ရေဝတီတံတား(ညောင်တုန်း) ပထမဆုံး မင်္ဂလာသံပေါင်ကို စက်ခလုတ်နှိပ်၍ ''မ''တင်ပေးစဉ်။ (သတင်းစဉ်)

ပက်ဖျန်းပေး

ရှေးဦးစွာ တိုင်းမှူးနှင့် ဝန်ကြီးတို့က မင်္ဂလာသံပေါင်ကို ရွှေမှုလီတပ်ဆင်ပေးကာ အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ထို့နောက် ဧရာဝတီတံတား(ညောင်တုန်း) ပထမဆုံး သံပေါင်ကို တိုင်းမှူးနှင့် ဝန်ကြီးတို့က စက်ခလုတ်နှိပ်၍ ''မ''တင်ပေးကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် တံတားပေါ်သို့တက်ရောက်၍ သံပေါင်ရွှေမှုလီတပ်ဆင်ခြင်း လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✳

ခရီးသွားသတင်းမှတ်စု

ခရီးသွားများ ယာဉ်အန္တရာယ်ကင်းစေချင်

➤ သတင်းမှတ်စုနှင့် ဓာတ်ပုံ – သတင်းခရီးသည်တစ်ဦး

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်မြို့နေ ခရီးသွားပြည်သူအများစုမှာ မိမိတို့ တစ်နေ့တာ သွားလာလှုပ်ရှားမှုအတွက် လိုင်းကားများကို အားကိုးသွားလာကြရသည်။ ရန်ကုန်မြို့တွင် လိုင်းကားပေါင်း မြောက်မြားစွာရှိသည့်အနက် အချို့လိုင်းကားများမှာ သက်ဆိုင်ရာ တာဝန်ရှိသူများ၏ ကြီးကြပ်ဆောင်ရွက်ပေးမှုတို့ကြောင့် သတ်မှတ်မှတ်တိုင်များတွင် စနစ်တကျ ရပ်တန့်၍ လူအတင်အချ ပြုလုပ်ကြသော်လည်း အချို့သော လိုင်းကားများမှာ စည်းကမ်းလိုက်နာမှု အားနည်းနေသေးကြောင်း တွေ့မြင်နေရသည်။

အစုံရပ်

သတင်းခရီးသည် မြေနီကုန်းမီးပွိုင့်အနီး ရွှေမန်းရုပ်ရှင်ရုံရှေ့မှတ်တိုင်တွင် ဖြစ်စဉ်လေးတစ်ခုကို သတိထားမိလိုက်သည်။ ထိုမှတ်တိုင်တွင် ယာဉ်လိုင်းပေါင်း စုံလှသည်။ ကြည့်မြင်တိုင်ညစျေးဘက်သို့သွားသော လိုင်းကားများ၊ အလုံဘက်သို့သွားသော လိုင်းကားများ ရပ်ကြသည်။ ကားလေးများဖြစ်သည့် ၃၈(အစိမ်း)၊ ၃(အစိမ်း၊ အဝါ)၊ ၁၀၇(အစိမ်း၊ အပြာ)၊ ၁၆၇(အဖြူ)၊ ၁၀၃ (အဖြူ)နှင့် ၂၀၄ မီနီဘတ်(စ်)၊ ၃၆၊ ၂၁၆ ဟီးနိုးကားကြီးများ အစုံရပ်ကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၄ ❍

ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်လိုင်းမှတ်တိုင်တွင် သက်ဆိုင်ရာတာဝန်ရှိသူများက ဤသို့ ကြပ်မတ်ဆောင်ရွက်ပေးကြသည်။

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဇန်နဝါရီ ၃၀ ရက်)

ဇီဝမျိုးစိတ်များတည်တံ့ရေး သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်း

ကမ္ဘာ့ရာသီဥတု ပြုပြင်ပြောင်းလဲမှုများကြောင့် သဘာဝပတ်ဝန်းကျင်သည်လည်း ကမ္ဘာတစ်ဝန်း၌ ပျက်ယွင်းမှုများ ဖြစ်ပေါ်လျက်ရှိသည်။ ဆီးနှင်းထူထပ်စွာကျရောက်ခြင်း၊ ရေကြီးခြင်း၊ အအေးလှိုင်းဖြတ်ခြင်း၊ အပူလှိုင်းကျရောက်ခြင်း၊ မိုးခေါင်ခြင်း စသည့် အခြေအနေအမျိုးမျိုးကို ကြုံတွေ့နေကြရသည်။

ရာသီဥတုပြောင်းလဲခြင်း၊ သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းခြင်း စသည့် အကြောင်းအရင်းတို့ကြောင့် ဇီဝမျိုးများ မျိုးသုဉ်းခဲ့ရသည်။ ဇီဝမျိုးသုဉ်းခြင်းသည် လူ့ပယောဂများကြောင့်လည်း မျိုးသုဉ်းနိုင်သည်။

မြန်မာနိုင်ငံသည် အာရှတိုက်တွင် ဇီဝမျိုးစိတ်များကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံတွင် အပင်အမျိုးအစား ၁၁၈၀၀၊ ဆေးဖက်ဝင် အပင် ၈၄၁ ပင်နှင့် ဝါးမျိုးပေါင်း ၃၇ မျိုးပေါက်ရောက်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ တောရိုင်းတိရစ္ဆာန် တရားဝင်စာရင်းအရ နို့တိုက်သတ္တဝါ ၂၅၁ မျိုး၊ ငှက် ၁၀၅၆ မျိုး၊ တွားသွားသတ္တဝါများဖြစ်သော မြွေ ၁၅၃၊ ပုတ်သင်ညို ၈၇၊ လိပ်မျိုးပေါင်း ၃၇၊ ဖားမျိုး ၇၉၊ ရေချိုငါး ၃၁၀၊ ပင်လယ်ငါး ၄၅၆ မျိုးတို့ရှိကြသည်။

အပင်၊ သားငါး၊ တိရစ္ဆာန်မျိုးစုံ၊ အပူပိုင်းသစ်တော၊ တောင်ပေါ်သစ်တော၊ အင်တိုင်းတော၊ ဒီရေတော စသည့် သဘာဝအနေအထားအမျိုးမျိုးတို့သည် ဇီဝမျိုးစုံမျိုးကွဲများ ဖြစ်ကြသည်။

ဇီဝမျိုးစုံမျိုးကွဲများ ရှားပါးပျောက်ကွယ်ရခြင်း၏ အဓိကအကြောင်းမှာ ဇီဝမျိုးစုံမျိုးကွဲများ တည်ရှိသည့် မူရင်းဒေသများကို ပြုပြင်ပြောင်းလဲလိုက်ခြင်းကြောင့် ဖြစ်သည်။ ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်သည်နှင့်အမျှ ရာသီဥတုပြုပြင်ပြောင်းလဲမှုကို လျော့ပါးသက်သာစေနိုင်သည်။

သို့ဖြစ်ပေရာ ဂေဟစနစ်များ ပြန်လည်ထူထောင်ခြင်းနှင့် ဒီရေတောများ စိုက်ပျိုးထိန်းသိမ်းခြင်းသည် လူသားမျိုးဆက်များအတွက် အရေးပါသည့်လုပ်ငန်းဖြစ်သဖြင့် ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝမှုကို အရှည်တည်တံ့စေရေးအတွက် ပြည်သူများက မိမိတို့ဒေသ၏ သစ်တောသယံဇာတများနှင့် သဘာဝပတ်ဝန်းကျင်ကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✻ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✻ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီး ဦးဌေးဦး သာစည်မြို့နယ်ရှိ ကျေးလက်ကန်များကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၉

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဦးဌေးဦးသည် ဇန်နဝါရီ ၂၁ ရက် ညနေ ၅ နာရီခွဲက မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကုန်းတောင်းကျေးရွာအနီးရှိ ကျေးလက်ကန်များဖြစ်သော ကုန်းတောင်းကန်နှင့် ပေပင်ကန်တို့သို့ရောက်ရှိပြီး ကန်အတွင်းစီးဝင်သောရေများ သိုလှောင်ထားမှုနှင့် စိုက်ပျိုးရေပေးဝေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

သိုလှောင်နိုင်

ကုန်းတောင်းကန်မှာ ရေပိုမိုသိုလှောင်နိုင်ရန် ပြန်လည်ပြုပြင်ကာ ကန်ပေါင်အလျားပေ ၁၄၀၀၊ အမြင့် ၁၀ ပေရှိပြီး ရေဧက ပေ ၂၀၀ သိုလှောင်နိုင်သည်။ ကုန်းတောင်းကန်အောက် ပေပင်ကန်မှာလည်း ကန်ပေါင်အလျားပေ ၅၄၀၀၊ အမြင့် ၁၀ ပေရှိပြီး ရေ ၁၁၉၈ဧကပေ သိုလှောင်နိုင်ရန် ပြန်လည်ပြုပြင်ထားသောကန်ဖြစ်သည်။

ညပိုင်းတွင် ဝန်ကြီးသည် မိတ္ထီလာမြို့နယ် မန်ကျည်းပင်ပုကျေးရွာမှ တောင်သူများအား တွေ့ဆုံပြီး လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လက်မှတ်ရပိုးသတ်ဆေးသုံးစွဲသူများသင်တန်း ပုသိမ်မြို့နယ်၌ ဖွင့်လှစ်

ပုသိမ် ဇန်နဝါရီ ၂၉

ဧရာဝတီတိုင်းဒေသကြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ဖွင့်လှစ်သည့် လက်မှတ်ရ ပိုးသတ်ဆေးသုံးစွဲသူများ သင်တန်းအမှတ်စဉ်(၁/၂၀၁၁)ဖွင့်ပွဲကို ဇန်နဝါရီ ၂၄ ရက် နံနက် ၈ နာရီက ဧရာဝတီတိုင်းဒေသကြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးအေးကျော် **(အပေါ်ပုံ)**၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း သီးနှံ ကာကွယ်ရေးဌာနခွဲ(ရုံးချုပ်)မှ မန်နေဂျာဦးမျိုးညွန့်နှင့် ဧရာဝတီတိုင်းဒေသကြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ ဦးမြင့်သိန်းတို့က အမှာစကားပြောကြားကြသည်။

အဆိုပါသင်တန်းသည် ဧရာဝတီတိုင်းဒေသကြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ (၁၉)ကြိမ်မြောက် ဖွင့်လှစ်သော သင်တန်းဖြစ်ပြီး သင်တန်းသား ၁၅၂ ဦး တက်ရောက်ခဲ့ကာ သင်တန်းကာလမှာ ငါးရက် ကြာမြင့်ခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

သက်ကြီးဘူမိဗေဒပညာရှင်များအား အာစရိယပူဇော်

ရန်ကုန် ဇန်နဝါရီ ၂၉

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းက ကြီးမှူး၍ သတ္တမအကြိမ် အသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ဘူမိဗေဒဘွဲ့ရ ကျောင်းသား ကျောင်းသူဟောင်းများ စုပေါင်းပြီး သက်ကြီးဘူမိဗေဒ ပညာရှင်များအား အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၂၂ ရက် ညနေ ၃ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ Excel Treasure Hotel Jade ခန်းမ၌ကျင်းပရာ အခမ်းအနားတွင် ဒုတိယအကြိမ် သက်ကြီး ဘူမိဗေဒပညာရှင်များ ကန်တော့ပွဲ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်ဌေးမူက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး တက်ရောက်လာသူများက သက်ကြီး ဘူမိဗေဒပညာရှင် ၅၁ ဦးတို့အား တစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှင့် လက်ဆောင်ပစ္စည်းများကို ဂါရဝပြုလက်ဆောင်ပေးအပ်ကြသည်။ ဆက်လက်၍ သက်ကြီး ဘူမိဗေဒပညာရှင်များဖြစ်ကြသည့် ဒေါက်တာညီညီ၊ ဦးသန်းဌေး၊ဦးတင်အောင်၊ ဒေါက်တာဦးသိန်း၊ ဦးသန်းဘိုတို့က ဩဝါဒ အမှာစကားများ ပြောကြားကြသည်။

အခမ်းအနားအစီအစဉ် ဒုတိယပိုင်းတွင် သတ္တမအကြိမ် မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို ဆက်လက်ကျင်းပရာ အသင်းဥက္ကဋ္ဌ ဒေါက်တာဝင်းဆွေက အမှာစကားပြောကြားပြီး အသင်း ဒုတိယဥက္ကဋ္ဌ ဦးစိုးမြင့်က ပညာရပ်ဆိုင်ရာစာတမ်းကို ဖတ်ကြားတင်ပြကာ လစ်လပ်သည့် အလုပ်အမှုဆောင် တစ်နေရာအတွက် အမည်စာရင်း တင်သွင်းအတည်ပြုချက် ရယူသည်။

ဂုဏ်ပြုဆုပေးအပ်

ထို့နောက် အသင်းအထွေထွေအတွင်းရေးမှူး ဦးအေးလွင်က အသင်းနှစ်ပတ်လည်အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းတို့ကို ဖတ်ကြားတင်ပြကာ အတည်ပြုချက်ရယူပြီးနောက် အသင်းဥက္ကဋ္ဌဒေါက်တာဝင်းဆွေ **(အပေါ်ဝဲပုံ)** နှင့် တာဝန်ရှိသူတို့က ဂုဏ်ပြုထိုက်သူများအား ဂုဏ်ပြုဆုနှင့် မှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ဇန်နဝါရီ ၁၈ ရက်က ပြင်ဦးလွင်မြို့နယ် ပြင်စာ-စုန်းပေါ်အိုင်-ရှပ်ကျား ကျေးလက်ကျောက်ချောလမ်းခင်းခြင်း ဆောင်ရွက်နေမှုကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ဝင်းကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မိုးကောင်း၌ ပညာရေးစုံညီပွဲတော်ကျင်းပ

မိုးကောင်း ဇန်နဝါရီ ၂၉

မိုးကောင်းမြို့နယ် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် အခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီက အထက(၁) မဏ္ဍပ သဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်လင်းက အမှာစကားပြောကြားပြီး ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသားကျောင်းသူများ၊ ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် အောင်ချက်အကောင်းဆုံးရရှိအောင်သင်ကြားခဲ့သော ဘာသာရပ် ဆရာ ဆရာမများ၊ ကျောင်းအုပ်ကြီးများနှင့် မြို့နယ်အဆင့်၊ ပြည်နယ်အဆင့်၊ ဗဟိုအဆင့်များတွင် ထူးချွန်ဆုရရှိသူများအား မြို့နယ်ပညာရေးမှူး ဒေါ်စန်းမြင့်နှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

အိမ်မဲမြို့မဈေး၌ မီးငြိမ်းသတ်ရေးလေ့ကျင့်

အိမ်မဲ ဇန်နဝါရီ ၂၉

အိမ်မဲမြို့ မြို့မဈေးသူ ဈေးသားများက ဈေးမီးဘေးလုံခြုံရေးအတွက် ဇန်နဝါရီ ၁၁ ရက်က မီးသတ်ဆေးဘူး ၂၀ ပေးအပ် လှူဒါန်းပြီးနောက် ဈေးမီးဘေးလုံခြုံရေးအတွက် မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်နေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်စိုးနှင့် အဖွဲ့ကြီးကြပ်ဆောင်ရွက်ခဲ့ကြသည်။ **(မြို့နယ်စည်ပင်)**

၂၀၁၁ ခုနှစ်၊ (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

(၂) တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊

(၃) နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊

(၄) တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

(၅) နှစ်ပေါင်းထောင်ချီ၍ ဥမကွဲသိုက်မပျက် ဖြစ်ထွန်းလျက်ရှိသည့် နိုင်ငံတော်ကြီးကို ပြည်ထောင်စုကြီးအဖြစ် အရှည်တည်တံ့ခိုင်မြဲစေရန် တိုင်းရင်းသား စည်းလုံးညီညွတ်မှု စွမ်းပကားဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်းနှင့် ဝန်ကြီး ဦးခင်မောင်မြင့်တို့ ရေဝတီတံတား(ညောင်တုန်း) မင်္ဂလာသံပေါင်ကို ရွှေမူလီတပ်ဆင်ပေးကြစဉ်။ (သတင်းစဉ်)

✻ ရှေ့ဖုံးမှ

ဧရာဝတီတံတား (ညောင်တုန်း)၏ ခန်းဖွင့်ဖွဲ့စည်းပုံမှာ မီတာ ၁၂၀ ၁၆ ခန်း၊ မီတာ ၁၀၀ နှစ်ခန်း၊ မီတာ ၆၀ နှစ်ခန်း စုစုပေါင်း အခန်းပေါင်း ၂၀ ရှိပြီး ၁၄ခန်းအတွက် တံတားသံပေါင်များရောက်ရှိကာ ကျန်သံပေါင်များကို သင်္ဘောများဖြင့် ထပ်မံဝင်ရောက်လျက်ရှိကြောင်း၊ တံတား၏ အခန်း တစ်ခန်းလျှင် သံပေါင်အလေးချိန်မှာ မီတာ ၁၂၀ အခန်းတွင် ၉၃၄ တန်၊ မီတာ ၁၀၀ အခန်းတွင် ၇၄၂ တန်၊ မီတာ ၆၀ အခန်းတွင် ၃၉၅တန် စုစုပေါင်း တန်ချိန် ၂၀၇၁ တန် အလေးချိန် ရှိကြောင်း။

ရထားလမ်းနှင့် ကားလမ်း နှစ်လမ်းပါ ဧရာဝတီတံတား (ညောင်တုန်း)သည် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်၌ တည်ရှိပြီး တံတားအမျိုးအစားမှာ သံမဏိသံပေါင်နှင့် သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်ကာ ပင်မတံတား အရှည် ၇၄၀၂ပေ၊ ချဉ်းကပ်ကားလမ်းနှစ်ဖက် အရှည် ၁၁၃၈၉ပေ၊ ရထားလမ်းတံတားအရှည် ၁၃၁၄၃ပေ၊ ယာဉ်သွားလမ်း အကျယ် ၂၈ပေ၊ ယာဉ်နှစ်လမ်းသွားနှင့် ရထားလမ်း အကျယ် ၁၄ပေ၊ လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီ ပါရှိကြောင်း၊ ရေလမ်းကင်းလွတ်အကျယ် ၂၆၂ပေ နှင့် အမြင့် ၅၇ ပေရှိပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ ၇၅တန် ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၉

Wise International School for Executives မှ (Certificate in Financial Management) ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်းကို ဖေဖော်ဝါရီ ၅ ရက်တွင် ဖွင့်လှစ်မည် ဖြစ်သည်။

တက်ရောက်

အဆိုပါသင်တန်းကို Owner များ လုပ်ငန်းသစ်တည်ထောင်ရာတွင် ငွေကြေးဆိုင်ရာ စီမံပြင်ဆင်နေသူများ၊ မန်နေဂျာများ၊ စာရင်းစစ်စာရင်းကိုင်များ၊ Financial Officer များ၊ Business Development Manager များ၊ လုပ်ငန်းခွင်ဝင်မည့်သူများနှင့် ငွေကြေးစီမံခန့်ခွဲမှုပညာကို စိတ်ဝင်စားသူများ တက်ရောက်သင့်သည်။

Workgroup Presentation များလုပ်ခြင်း၊ Group Discussion များစသည့် သင်တန်းသား အခြေပြုသင်ကြားမှုပုံစံများနှင့် နိုင်ငံတကာ သင်ရိုးညွှန်းတမ်းများကို အသုံးပြု၍ အတွေ့အကြုံရှိ ဝါရင့်ဆရာမကြီးများက သင်ကြားဆွေးနွေးသွားမည်။ သင်တန်းကာလမှာ ၁၀ ရက်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းကြေးမှာ ငွေကျပ် ၅၀၀၀၀ ဖြစ်၍ Member များအား သင်တန်းကြေး ၄၀ရာခိုင်နှုန်းလျှော့၍ ခံစားခွင့်ပေးမည်။ အဆိုပါသင်တန်းကို ဖေဖော်ဝါရီ ၅ ရက်မှစ၍ စနေ၊ တနင်္ဂနွေ ညနေ ၅ နာရီခွဲမှ ၇နာရီခွဲအထိ နာရီ ၂၀ သင်ကြားပေးမည်ဖြစ်သည်။ အသင်းဝင်လိုသူများနှင့် စိတ်ပါဝင်စားသူများသည် Wise International School for Executives ဖုန်း-၀၁-၅၅၆၁၈၃ နှင့် ၀၉-၅၁၅၇၀၃၂ တို့သို့ ဆက်သွယ်စုံစမ်း ကြိုတင်စာရင်း ပေးနိုင်သည်။ Wise International School for Executives တွင် Business လုပ်ငန်းနှင့် ပတ်သက်သော Management သင်တန်းများကို လစဉ်ဖွင့်လှစ် သင်ကြားပို့ချနေကြောင်း သိရှိရသည်။

(သတင်းစဉ်)

စီးပွားရေးဆိုင်ရာဘာသာရပ် ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၉

ဈေးကွက် စီးပွားရေးဆိုင်ရာ ဘာသာရပ် ဟောပြောပွဲကို ဇန်နဝါရီ ၃၀ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲမှ မွန်းလွဲ ၂ နာရီအထိ အမှတ် (၃၈၈/၃၉၈) လေးလွှာ ရိုးမဘဏ် (အလုံဘဏ်ခွဲ) အဆောက်အအုံ၌ ကျင်းပမည်ဖြစ်ပြီး ပထမပိုင်းတွင် Brand Management ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒုတိယပိုင်းတွင် Successful Retailing ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောမည်ဖြစ်ရာ တက်ရောက်လိုသူများသည် Green World Academy of Marketing ဖုန်း-၂၂၇၀၃၂၊ ၇၃၁၁၄၅၀၈ တို့ထံသို့ ဆက်သွယ်စုံစမ်း တက်ရောက်နိုင်ကြောင်း သိရသည်။ (၁၃၅)

မြန်မာ့ရုပ်မြင်သံကြား

၃၀-၁-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အောင်တော်မူ(စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇:၅၀ ၅။ သံသာချို့အေးမင်္ဂလာတေး
၈:၀၅ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာ မင်္ဂလာ
၈:၂၀ ၇။ အတီးပြိုင်ပွဲ
၈:၃၀ ၈။ **သူငယ်ချင်းမရှိတဲ့ဥပဒေ**
၈:၄၀ ၉။ International News
၈:၄၅၁၀။ တေးဂီတအစီအစဉ်
၉:၀၀၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၀ ၃။ တစ်ပတ်အတွင်းနိုင်ငံတကာ သတင်းစဉ်
၁၁:၃၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြိုးတစ်မျှင်** (အပိုင်း-၁၂)
၁၂:၂၅ ၅။ Golf Magazine (TV)
၁၂:၅၀ ၆။ မြန်မာဗီဒီယိုဇာတ်လမ်း **လော်စပီကာ** အရိုင်း၊ ထွန်းထွန်း၊ မေသန္တာဦး၊ ဖူးစုံ (ဒါရိုက်တာ-ညီညီထွန်းလွင်)
၁၄:၃၀ ၇။ တေးဂီတအစီအစဉ်
၁၄:၄၀ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၄:၅၀ ၉။ International News

ညပိုင်း

၃:၄၅ ၁။ **Myanmar National League MNL Grand Royal Cup 2011 ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် မကွေးF.C နှင့် ဇွဲကပင်ယူနိုက်တက် F.C**
၅:၄၅ ၂။ တေးဂီတအစီအစဉ်
၆:၀၀ ၃။ ညနေခင်းသတင်း
၆:၁၅ ၄။ မိုးလေဝသအခြေအနေ
၆:၂၀ ၅။ ကာတွန်းအစီအစဉ် **ကွမ်တမ်မင်း** (အပိုင်း-၇)
၆:၄၀ ၆။ တစ်မျက်နှာတစ်ကွက်စာ **ကုသိုလ်တစ်ခုနေ့စဉ်ပြုသလို** ချစ်သူ၊ ရွှန်းပြည့်ခိုင်၊ ဒေါ်ထားနှင့်အဖွဲ့ [ဒါရိုက်တာ-တင်မောင်အေး (တစ်ပါးသီလ)]
၇:၀၀ ၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **စမ်းရေပမာ** (အပိုင်း-၁၈)
၈:၀၀ ၈။ ပြည်တွင်းသတင်း
၉။ နိုင်ငံတကာသတင်းများ
၁၀။ မိုးလေဝသအခြေအနေ
၁၁။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၉၅)
၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကွန်ဖူးချစ်သူ** (အပိုင်း-၂)
၁၃။ **ရင်လှိုင်းခတ်သံတေးသီဟန်**
၁၄။ အစီအစဉ်ပြီး၏။

ဇန်နဝါရီ ၂၂ရက်က ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်းခရိုင်)မှ ခရိုင်ဦးစီးမှူး ဦးမောင်မောင်ဆွေ မှော်ဘီမြို့နယ်၌ ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောစဉ်။ (ကညန)

စက်ဘီးအမျိုးမျိုးနှင့် စက်ဘီးအပိုပစ္စည်းများ ဝယ်ယူနိုင်

နေပြည်တော် ဇန်နဝါရီ ၂၉

အမှတ်(၁) စက်မှုဝန်ကြီးဌာန စက်ဘီးစက်ရုံ (ကျောက်ဆည်)မှ ထုတ်လုပ်သည့် ၂၈ လက်မ ကျားစီးစက်ဘီး၊ ၂၈ လက်မ မစီးစက်ဘီး၊ ၂၆ လက်မ မစီးစက်ဘီး၊ ၂၆ လက်မ မစီးကြိုးဘရိတ်စက်ဘီး၊ ၂၄ လက်မ မစီးစက်ဘီး၊ ၂၄ လက်မ လျှပ်စစ်စက်ဘီးနှင့် ပုံစံသစ်စက်ဘီးအမျိုးမျိုး၊ ပုံစံသစ် လျှပ်စစ်စက်ဘီးအမျိုးမျိုးတို့အပြင် စက်ဘီးအပိုပစ္စည်းအမျိုးမျိုးကို အမြို့မြို့အနယ်နယ်ရှိ ဝင်းသူဇာ အရောင်းဆိုင်များနှင့် စက်ဘီးအရောင်းဆိုင်များ၌ မည်သူမဆိုလက်လီလက်ကား လွတ်လပ်စွာဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက စက်ဘီးစက်ရုံ (ကျောက်ဆည်)ဖုန်း -၀၆၆-၅၀၅၃၆နှင့် ၀၆၆-၅၀၆၀၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဖားကန့်စည်ပင်သာယာ ကတ္တရာထပ်ပိုးလွှာခင်း

ဖားကန့် ဇန်နဝါရီ ၂၉

ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းလုပ်ငန်းဖြင့်ဆောင်ရွက်သော လုံးခင်း ဗိုလ်ချုပ်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ဇန်နဝါရီ ၁ ရက်က လက်ထောက်အင်ဂျင်နီယာ ဦးသိန်းဝင်း ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

ပါကစ္စတန်နိုင်ငံ၌ ရေဘေးဒုက္ခများကြုံနေဆဲဖြစ်

အစ္စလမ္မာဘတ် ဇန်နဝါရီ ၂၉

ပါကစ္စတန်နိုင်ငံ၌ နှစ်ပေါင်း ၈၀ အတွင်း အဆိုးရွားဆုံး ရေလွှမ်းမှုစတင်ပြီး ခြောက်လကြာသည့်တိုင် ရေဘေးဒုက္ခများမှာ မပြီးဆုံးသေးဘဲ အခြေအနေပိုမိုဆိုးရွားနေကြောင်း ဗြိတိန်အခြေစိုက် အောက်စဖမ်အဖွဲ့က သတိပေးကြေညာလိုက်သည်။

ပါကစ္စတန်နိုင်ငံတောင်ပိုင်းတွင် အာဟာရချို့တဲ့မှု အခြေအနေ ပိုမိုဆိုးရွားလျက်ရှိကြောင်း၊ ကူညီထောက်ပံ့ရေး အသိုက်အဝန်းအနေဖြင့် ရေဘေးဒုက္ခသည်များ၏ လိုအပ်ချက်နှင့်စပ်လျဉ်း၍ အပေါ်ယံမျှသာ ကိုင်တွယ်ဖြေရှင်းပေးလျက်ရှိကြောင်း အောက်စဖမ်အဖွဲ့က ပြောကြားသည်။

ပြည်သူ ၁၇၀၀၀၀ တို့မှာ ရေဘေးကယ်ဆယ်ရေးစခန်းများ၌ ရှိနေသေးကြောင်း၊ ထို့အပြင် နိုင်ငံတောင်ပိုင်း၌ ရေလွှမ်းသည့် နယ်မြေများမှာ တစ်မျှော်တစ်ခေါ် ကျန်ရှိနေသေးကြောင်း သတင်း၌ ဖော်ပြထားသည်။

အမ်အင်န်အေ၊ရိုက်တာ

နိုင်ငံတကာအာကာသစခန်းယာဉ်နှင့် ချိတ်ဆက်ရန် ရုရှားအာကာသယာဉ်လွှတ်တင်

မော်စကို ဇန်နဝါရီ ၂၉

ရုရှားကုန်တင်အာကာသယာဉ် ပရိုပရက် အမ်-၀၉ အမ်ကို နိုင်ငံတကာအာကာသယာဉ်(အိုင်အက်စ်အက်စ်) သို့ ချိတ်ဆက်ရန် ဇန်နဝါရီ ၂၈ ရက်က လွှတ်တင်လိုက်ကြောင်း ရုရှားအာကာသထိန်းချုပ်ရေးစခန်းက ကြေညာသည်။

အဆိုပါ အာကာသယာဉ်ကို ဆိုဗီယက်ခေတ်က ဒုံးပစ်စင်ရှိရာ ကာဇက်စတန်နိုင်ငံ ဘိုင်ကိုနော အာကာသစခန်းမှ ဇန်နဝါရီ ၂၈ ရက် မော်စကို စံတော်ချိန် နံနက် ၄နာရီ ၃၂ မိနစ်တွင် လွှတ်တင်လိုက်ခြင်းဖြစ်သည်။ (အပေါ်ပုံ)

ချိတ်ဆက်

ရုရှားအာကာသယာဉ် ပရိုပရက် အမ်-၀၉ အမ်သည် နိုင်ငံတကာအာကာသစခန်းယာဉ် (အိုင်အက်စ်အက်စ်)နှင့် လာမည့် ဇန်နဝါရီ ၃၀ ရက်တွင် ချိတ်ဆက်မည်ဖြစ်သည်။ (အင်တာနက်)

မော်စကို လေဆိပ်ဗုံးခွဲတိုက်ခိုက်သူ မြောက်ကော်ကေးဆပ်မှ အမျိုးသားတစ်ဦးဖြစ်

မော်စကို ဇန်နဝါရီ ၂၉

မော်စကိုမြို့ရှိ ဒိုမိုဒီဒိုဗိုလေဆိပ်၌ လူ ၃၅ ဦး သေဆုံးခဲ့ရသည့် အသေခံဗုံးခွဲတိုက်ခိုက်သူသည် မြောက်ကော်ကေးဆပ်မှ အသက် ၂၀ အရွယ်ရှိ အမျိုးသားတစ်ဦး ဖြစ်ကြောင်း ရုရှားစုံစမ်းစစ်ဆေးရေးမှူးများက ဇန်နဝါရီ ၂၉ ရက်တွင် ကြေညာသည်။

ပြောကြား

ရုရှားစုံစမ်းစစ်ဆေးရေးကော်မတီက ယင်းကြေညာချက်ကို ၄င်း၏ဝက်ဘ်ဆိုက်တွင် လွှင့်တင်ထားသည်။ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေစဉ်အတွင်း အဆိုပါ အသေခံဗုံးခွဲတိုက်ခိုက်သူ၏အမည်ကို ထုတ်ဖော်ကြေညာ လိမ့်မည်မဟုတ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ ဗလာဒီမီယာ မာကင်က ပြောကြားသည်။

ဇန်နဝါရီ ၂၄ ရက်က ဖြစ်ပွားခဲ့သည့် ၄င်းအသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် လေဆိပ်၏ဆိုက်ရောက်ခန်းမကြီး၌ လူ ၃၅ ဦးသေဆုံးသည့်အပြင် လူ ၁၈၀ လည်း ထိခိုက်ဒဏ်ရာရခဲ့သည်။ ***အမ်အင်န်အေ၊ဆင်ဟွာ***

နိုင်ဂျီးရီးယားပြည်နယ်အုပ်ချုပ်ရေးမှူး သေနတ်ဖြင့် ပစ်သတ်ခံရ

ဘော်နီ ဇန်နဝါရီ ၂၉

နိုင်ဂျီးရီးယားနိုင်ငံတွင် ပြည်နယ်အုပ်ချုပ်ရေးမှူးတစ်ဦးအား သေနတ်သမားများ၏ပစ်ခတ်မှု ဖြစ်ပွားခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ပစ်သတ်ခံရသူသည် နိုင်ဂျီးရီးယား အရှေ့မြောက်ဘက်ရှိ ဘော်နီပြည်နယ်အုပ်ချုပ်ရေးမှူး မိုဒူဖန်နာမီ ဂတ်ဘီယိုဖြစ်ကြောင်း၊ ၄င်းနှင့်အတူရှိနေသည့် လူ လေးဦးမှာလည်း ထိုပစ်ခတ်မှုအတွင်း သေဆုံးခဲ့ကြောင်း၊ သေဆုံးသူများတွင် ၁၀ နှစ်အရွယ် ကလေးငယ်တစ်ဦးလည်း ပါဝင်ကြောင်း သိရှိရသည်။

ယင်းပစ်ခတ်မှုသည် မေဒူဂူရီမြို့အတွင်း၌ ဇန်နဝါရီ ၂၈ ရက်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ လုပ်ကြံရေးသမားများသည် မော်တော်ဆိုင်ကယ်များနှင့် ရောက်လာပြီး ၄င်းတို့အား ပစ်သတ်ခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သေဆုံးသူ ဂတ်ဘီယိုသည် အတိုက်အခံပါတီဖြစ်သောနိုင်ဂျီးရီးယားပြည်သူ့ပါတီမှ အမတ်တစ်ဦးဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။ **(အင်တာနက်)**

တိုက်တီယန်၏ပန်းချီကား ဒေါ်လာ ၁၆ သန်းကျော်ပေးဝယ်

နယူးယောက် ဇန်နဝါရီ ၂၉

ပန်းချီဆရာ တိုက်တီယန်ရေးဆွဲခဲ့သော မက်ဒေါနားနှင့်ကလေး အမည်ရှိ ပန်းချီကားတစ်ကား(**ဝဲပုံ**)ကို အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၉ သန်းဖြင့် စံချိန်တင်လေလံရောင်းချခဲ့ရကြောင်း ဇန်နဝါရီ ၂၈ ရက်က အင်တာနက်တွင် သတင်းဖော်ပြသည်။

နှစ်သက်တမ်း ၄၅၀ရှိ အဆိုပါ ပန်းချီကားကို နယူးယောက်မြို့ ဆိုတီဘိုင်လေလံတင်ရုံး၌ ဥရောပသားတစ်ဦးက ဖုန်းဆက်ဝယ်ယူခဲ့ခြင်း ဖြစ်သည်။

ယခုတိုက်တီယန်၏ ပန်းချီကားမှာ ၁၉၉၁ခုနှစ် ဒီဇင်ဘာလက လန်ဒန်မြို့ ခရစ္စတီးလေလံတင်ရုံး၌ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၉ သန်းဖြင့် ရောင်းချခဲ့သည့်ကားထက် လေလံဈေး စံချိန်တင်ခဲ့သည်။ အဆိုပါ ပန်းချီကားမှာ ၁၅၆၀ ပြည့်နှစ်ဝန်းကျင်က ရေးဆွဲခဲ့သည့်ကားဖြစ်ပြီး ဆီဆေးပန်းချီကားဖြစ်သည်။ **(အင်တာနက်)**

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်းများ

➤➤ မိုးမြင့်လင်းလက် – စုစည်းသည် ≺≺

နယူးဇီလန်၌ ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်

ဝယ်လ်လင်တန် ဇန်နဝါရီ ၂၉

နယူးဇီလန်နိုင်ငံ အထက်ပိုင်းဒေသများသို့ ဇန်နဝါရီ ၂၉ ရက်က ဝီလ်မာအမည်ရှိ ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်ခဲ့ရာ နေအိမ်အများအပြား ပျက်စီးခဲ့ကြောင်း နယူးဇီလန်အရာရှိများက ပြောကြားသည်။ **(အောက်ပုံ)**

မိုးသည်းထန်စွာရွာသွန်းပြီး မုန်တိုင်းတိုက်ခတ်မှုကြောင့် ရေလွှမ်းမှုများဖြစ်ပေါ်ပြီး အဝေးပြေးလမ်းများရေလွှမ်းကာ နေအိမ်များ ရေနစ်မြုပ်ခဲ့ရ သည်။

ရွာသွန်းခဲ့

ကယ်ဆယ်ရေးအဖွဲ့များက ရေလွှမ်းနေသည့်ဒေသများသို့ သွားရောက်ကာ လှေများဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ရေဘေးဒုက္ခကြုံတွေ့ရသည့် ဒေသခံများကိုလည်း အရေးပေါ်စခန်းများ၌ ရွှေ့ပြောင်းပေးထားရသည်။ အချို့နေရာဒေသများတွင် မိုးရေချိန် ၂၈၀ မီလီမီတာအထိ ရွာသွန်းခဲ့ကြောင်း သတင်း၌ဖော်ပြသည်။

(အင်တာနက်)

အီဂျစ်ခရီးသည်တင်လေယာဉ် ဗုံးလန့် အေသင်မြို့လေဆိပ်သို့ အရေးပေါ်ဆင်းသက်

အေသင် ဇန်နဝါရီ ၂၉

အီဂျစ်လေကြောင်းလိုင်းမှ ခရီးသည်တင် လေယာဉ်တစ်စင်းသည် ဗုံးပါရှိလာကြောင်း သတင်းရရှိသဖြင့် အေသင်မြို့လေဆိပ်သို့ ဇန်နဝါရီ ၂၉ ရက်က အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း အေသင် နိုင်ငံတကာလေဆိပ်အရာရှိများက ပြောကြားသည်။ **(အပေါ်ပုံ)**

၄င်းလေယာဉ်သည် ခရီးသည်နှင့်လေယာဉ်အမှုထမ်း ၂၃၀ခန့် တင်ဆောင်ကာ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ ဂက်ဝစ်ခ်လေဆိပ်မှ အီဂျစ်နိုင်ငံ ကိုင်ရိုလေဆိပ်သို့ ပျံသန်းလာစဉ် ဗုံးလန့်မှုကြောင့် ဂရိနိုင်ငံ အေသင်လေဆိပ်သို့ အရေးပေါ် ဆင်းသက်ခဲ့ရခြင်းဖြစ်သည်။

လေယာဉ်ပေါ်တွင် ဗုံးပါရှိသည်ဟု အင်္ဂလိပ်လိုရေးသားထားသော သတိပေးစာတစ်စောင်ကို လေယာဉ်ပေါ်၌ တွေ့ရှိရပြီးနောက် ယခုကဲ့သို့ လေယာဉ်အရေးပေါ်ဆင်းသက်ခဲ့ရခြင်းဖြစ်သည်။ ဂရိရဲတပ်ဖွဲ့ဝင်များက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။ **(အင်တာနက်)**

တရုတ်၌ တည်ဆောက်ဆဲဟိုတယ် ပြိုကျ

ချန်ရှာ ဇန်နဝါရီ ၂၉

တရုတ်နိုင်ငံအလယ်ပိုင်း ဟူနန်ပြည်နယ် ကျောင်ကျီရာကျီမြို့တွင် ဇန်နဝါရီ ၂၉ ရက်က ဆောက်လုပ်ဆဲအဆောက်အအုံတစ်ခု ပြိုကျခဲ့ရာ အလုပ်သမားသုံးဦးသေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။ **(အောက်ပုံ)**

ပြိုကျခဲ့

တရုတ်နိုင်ငံ ဂူလင်ယန်ခရိုင် ကျောင်ကျီရာကျီမြို့တွင် တည်ဆောက်ဆဲဟိုတယ်တစ်လုံး၏ ဆောက်လုပ်ရေးလုပ်ငန်းခွင်၌ မတော်တဆဖြစ်ရပ်ကြောင့် ပြိုကျခဲ့ခြင်းဖြစ်သည်။

ဒဏ်ရာရရှိသူများကို ဆေးရုံသို့တင်ပို့ပေးထားရပြီး ရဲတပ်ဖွဲ့ဝင်များက မည်သည့်အတွက်ကြောင့် အခင်းဖြစ်ပွားရသည်ကို စုံစမ်းစစ်ဆေးလျက် ရှိသည်။ **(အင်တာနက်)**

သာသနာရေးဝန်ကြီးဌာန အင်္ဂလိပ်စာသင်တန်းဖွင့်

နေပြည်တော် ဇန်နဝါရီ ၂၉

သာသနာရေးဝန်ကြီးဌာန အမှုထမ်းအဆင့် အင်္ဂလိပ်စာ အဆင့်မြင့်သင်တန်း အမှတ်စဉ်(၁)ဖွင့်ပွဲကို ဇန်နဝါရီ ၂၇ ရက်မွန်းလွဲ ၂နာရီက နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးရုံး မြေညီထပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးအောင်ကို တက်ရောက်၍အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၅ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

သံတွဲမြို့ ကျေးရွာများ၌ အခမဲ့ဆေးကုသ

သံတွဲ ဇန်နဝါရီ ၂၉

သံတွဲမြို့နယ် ရွှေလှေတိုက်နယ် ဆေးရုံ၌ သံတွဲကျန်းမာရေးဦးစီးဌာနမှ ခရိုင်ဆရာဝန်ကြီး ဒေါက်တာတင်ငွေ ဦးဆောင်သည့် အထူးကုဆရာဝန်များ အဖွဲ့သည် ဇန်နဝါရီ ၂၂ရက် နံနက် ၉ နာရီက ရွှေလှေကျေးရွာ အနီးဝန်းကျင်ရှိကျေးရွာများမှလူနာများအား အခမဲ့ဆေးကုသမှုများ ဆောင်ရွက်ခဲ့ကြသည်။ **(အောက်ပုံ)**

အဆိုပါ ဆေးကုသမှု အဖွဲ့တွင် ခွဲစိတ်အထူးကုဆရာဝန်ကြီးဒေါက်တာ သန့်ဇင်၊မီးယပ်သားဖွားအထူးကုဆရာဝန်ကြီးဒေါက်တာမူမူသန်း၊ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာခင်ခင်ထား၊ သမားတော်ကြီး ဒေါက်တာ သက်သက်ထွန်း၊ သွားနှင့် ခံတွင်းဆရာဝန်ကြီး ဒေါက်တာနေလင်းသန်း တို့က လူနာများအား ကုသပေးသည့်နည်းတူ ခရိုင်ဥက္ကဋ္ဌဦးထွန်းဝေနှင့် ခရိုင်ဆရာဝန်ကြီး ဒေါက်တာတင်ငွေ တို့က အုပ်ချုပ်ရေး၊ ရောဂါကာကွယ် နှိမ်နင်းရေးနှင့် ကျန်းမာရေးဆိုင်ရာများ အသိပညာပေး ဟောပြောခဲ့ကြသည်။ ထို့နောက် ဆေးကုသဆောင်ရွက်နေမှုကို သံတွဲခရိုင်ဥက္ကဋ္ဌ၊ မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

ဇန်နဝါရီ၁၅ရက်ကကျင်းပသော မြောက်ဥက္ကလာပမြို့နယ် အမက(၅) ၂၀၀၉-၂၀၁၀ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့်ပညာရည်ချွန်ဆုပေးပွဲတွင် စတုတ္ထတန်း၌ပထမဆုရရှိသော မဝင်းလက်ကျော်အား ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးခင်ဇော် ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်စဉ်။ (ပညာရေး)

အခမ်းအနားမှူးကောင်းတစ်ယောက်ဖြစ်ရေး အထောက်အကူပြု ဆင့်ပွားသင်တန်းဖွင့်

လောင်းလုံး ဇန်နဝါရီ ၂၉

ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် အမျိုးသမီးရေးရာ အဖွဲ့က ကြီးမှူးဖွင့်လှစ်သော အခမ်းအနားမှူးကောင်း တစ်ယောက်ဖြစ်စေရေး အထောက်အကူပြု ဆင့်ပွားသင်တန်း အမှတ်စဉ် (၁/၂၀၁၁)ဖွင့်ပွဲကို ဇန်နဝါရီ ၁၅ ရက် နံနက် ၉ နာရီက လောင်းလုံးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဗထူးခန်းမ၌ကျင်းပသည်။

တက်ရောက်

အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ခင်စမ်းက အမှာစကားပြောကြားပြီး မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင် ဒေါ်ယဉ်ယဉ်သန့်၊ ဒေါ်အေးအေးပြည့်ဖြိုးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မူမူအေးတို့က အခမ်းအနားမှူးကောင်း တစ်ယောက်ဖြစ်ရန် လိုအပ်သောအချက်များကိုပို့ချကာသင်တန်းသူများအား လက်တွေ့သရုပ်ပြခဲ့ကြသည်။ အခမ်းအနားသို့ သင်တန်းသူ ၆၆ ဦး တက်ရောက်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

News Watch သတင်းဂျာနယ် ထွက်ရှိ

ရန်ကုန် ဇန်နဝါရီ ၂၉

ကမ္ဘာ့တတိယအကြီးဆုံးကွန်တိန်နာသင်္ဘော မြန်မာ့ဆိပ်ကမ်းသို့ဆိုက်ကပ်၊ မြန်မာနိုင်ငံတွင်မလေးရှားလုပ်ငန်းရှင်များပူးပေါင်း၍ ချောကလက် စက်ရုံတည်ဆောက်မည်၊ လေးမြွှာပူးကလေး ယောကျာ်းလေး သုံးယောက်နှင့် မိန်းကလေးတစ်ယောက် အောင်မြင်စွာမွေးဖွားခဲ့၊ ၂၀၁၁ ခုနှစ်မှာ ပထမဆုံး ဦးဦးဖျားဖျား ဗိုလ်ချုပ်ဈေးမီး၊ ငါးသိန်းတန် CDMA ဖုန်း နေ့ချင်းပြီး လျှောက်ထားနိုင်၊ ၂၀၁၁ခုနှစ် ဇန်နဝါရီလအတွင်း ဆန်တန်ချိန်ခုနစ်သောင်း တင်ပို့နိုင်၊ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်တွင်းက စိုင်ဒင်ရေအားလျှပ်စစ် ၂၀၁၂ ခုနှစ်မှာ ပြီးစီးမည်၊ မြန်မာ-ဘင်္ဂလားဒေ့ရှ်တိုက်ရိုက်လေကြောင်းပျံသန်းမည်၊ ကြက်၊ ဘဲဒိုင်များ ကြက်ငှက်တုပ်ကွေး ကာကွယ်မှုများပြုလုပ်၊ ရန်ကုန်-မန္တလေး ဝိုင်ယာလက်ဖုန်းကုတ်နံပါတ်မှ မိုဘိုင်းလ်ဖုန်း ကုတ်နံပါတ်များ ပြောင်းလဲနိုင်၊ ပုသိမ်မြို့တွင်းသို့ ကုန်ကားများမဝင်မှု ယာဉ်အန္တရာယ်ကင်းရှင်းလာ၊ ရန်ကုန်-ပုသိမ် တန်ဆာခပြန်ကျ၊ ပဲခူး ဥဿာမြို့သစ်မှ အမျိုးသမီးတစ်ဦး မလေးရှားတွင် လုပ်ကြံခံရ၊ အင်းလေးဒေသစိုက်ပျိုးရေးကို ဓာတ်မြေဩဇာ သုံးမှုလျှော့၊ ဗြိတိသျှထီးနန်းကို ဆက်ခံမည့်သူ၊ ဒီဇယ်တစ်ဂါလန်ကို မိုင် ၃၀၀ ကျော် မောင်းနိုင်သည့် ဖောက်စ်ဝက်ဂွန်ကားသစ်ထွက်ပေါ်၊ တရုတ်နှင့်အမေရိကန် မဟာပူးပေါင်းဆောင်ရွက်ရေး၊ မော်စကိုလေဆိပ်ဗုံးခွဲမှု တရားခံများကို ဖော်ထုတ်၊ နိုင်ငံကြီးများရဲ့ စစ်ရေးပြကွင်းဖြစ်သော အာဖဂန်ပါလီမန်ကျင်းပရေး မပြေလည်၊ အယ်လ်ဂျီးရီးယား ဒီမိုကရေစီလိုလားသူများဒဏ်ရာရ စသည့် ကမ္ဘာ့သတင်း၊ မြန်မာ့သတင်း စုံလင်စွာဖြင့် News Watch (စောင့်ကြည့်) ဂျာနယ်ထွက်ပြီ ဖြစ်သည်။

(သတင်းစဉ်)

ဖဲကြိုးဖြတ်ဖွင့်

ဇန်နဝါရီ ၂၅ရက်က ကလေးခရိုင် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပသော အန္တရာယ်ကင်းစေဖို့ ဆိုင်ကယ်စီးဦးထုပ် ဆောင်းကြစို့ ဆိုင်းဘုတ်စိုက်ထူပွဲကို ကလေးမြို့ ကလေး-ကလေးဝ လမ်းမကြီးတွင် ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးစိုးတင့် ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်

ရွှေကူမြို့နယ် မြို့မဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လျှပ်စစ်မီးသွယ်တန်းထားရှိမှုနှင့် မီးသတ်ဆေးဘူးများ တပ်ဆင်ထားရှိမှုကို မြို့နယ်အတွင်းရေးမှူး ဦးဆန်းဦး၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှူး ဦးတင်မောင်တိုး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်အောင်နီနှင့် ဝန်ထမ်းများ ဒီဇင်ဘာ ၂၇ ရက်က လိုက်လံစစ်ဆေးစဉ်။ (မြို့နယ် ပြန်/ဆက်)

ညောင်တုန်းမြို့နယ်ရှိ ဈေးများမီးဘေးကြိုတင်ကာကွယ်ရေးအတွက် ပညာပေးဟောပြောပွဲနှင့် သရုပ်ပြလေ့ကျင့်ခြင်းကို ဒီဇင်ဘာ ၂၈ ရက်က မြို့မဈေးအတွင်း မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာဝန်ထမ်းများ၊ ဈေးမိ ဈေးဖများနှင့် ဈေးသူ၊ ဈေးသားများ စုပေါင်းဆောင်ရွက်ကြရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မင်းနှင့်အဖွဲ့ ကြည့်ရှုအားပေးစဉ်။ (မြို့နယ်စည်ပင်)

လေးမျက်နှာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးမီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဇန်နဝါရီ ၁၀ ရက်က မြို့နယ် အမှုဆောင်အရာရှိ ဦးဌေးလှိုင်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

တာမွေမြို့နယ် ရပ်ကွက်များ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဇန်နဝါရီ ၂၇ ရက်က နတ်ချောင်းရပ်ကွက်ဥက္ကဋ္ဌ ဦးဘမြင့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်အရန်မီးသတ် ဒုတိယ တပ်ရင်းမှူး ဦးမြဲအောင်နှင့် တပ်ဖွဲ့ဝင်များ ကွင်းဆင်းစစ်ဆေးစဉ်။ (၁၇၁)

သာစည်မြို့နယ် မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် သရုပ်ပြလေ့ကျင့်မှုကို ဇန်နဝါရီ ၂၅ ရက်ကကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးကျော်နိုင်၊ မြို့နယ်အတွင်းရေးမှူး ဦးထွန်းထွန်းဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့မှူးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

Dual Gasifier မီးဖိုတီထွင်ထုတ်လုပ်

ရန်ကုန် ဇန်နဝါရီ ၂၉

Treasure Engineering Group ကတီထွင်ထုတ်လုပ်ထားသည့် Dual Gasifier မီးဖိုကို ဈေးကွက်အတွင်းသို့စတင်ဖြန့်ဖြူးလျက်ရှိသည်။

အဆိုပါမီးဖိုမှာ လောင်စာတစ်မျိုးတည်းကိုသာ အသုံးပြုပြီး Gas ထုတ်၍ မီးဖိုနှစ်ခု သို့မဟုတ် သုံးခုတို့ကို တစ်ပြိုင်နက်တည်း ချက်ပြုတ်ကြော်လှော် အသုံးပြုနိုင်သည်။ ထို့အပြင်မီးဖိုရှိ Boiler ကို အသုံးပြု၍ ရေနွေးငွေ့ဖြင့် ထမင်း၊ ပေါက်စီ၊ ဒင်းဆမ်း၊ ဖက်ထုပ် အစရှိသည်တို့ကိုပါ ထုတ်လုပ်နိုင်သဖြင့် လောင်စာဆုံးရှုံးမှုကိုသက်သာစေသည်။

ရေနွေးတစ်အိုး ကျိုမည်ဆိုပါက ရေနွေးတစ်အိုးသာ ရရှိမည်ဖြစ်သော်လည်း Treasure မှ ထုတ်လုပ်သော Dual Gasifier မီးဖိုဖြင့် အသုံးပြုပါက ရေနွေးအိုးဆူစေသော မီး(လောင်စာ)ဖြင့် Gas ထုတ်၍ ထွက်ရှိလာသော Gas ဖြင့် ချက်ပြုတ်ကြော်လှော်အသုံးပြုနိုင်သည်။

အသုံးပြုနိုင်

Dual Gasifier မီးဖိုကို အသုံးပြုခြင်းကြောင့် လောင်စာလေလွင့်မှု မရှိခြင်း၊တည်ဆောက်ထားသည့် Design မှာ မီးဘေးအန္တရာယ်မဖြစ်ပေါ်စေခြင်းနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု မရှိစေခြင်းတို့ကိုတွေ့ရှိရမည်ဖြစ်သည်။ စွန့်ပစ်မီးသွေး(နံပြားလုပ်ရာတွင် အသုံးပြုသည့် မီးသွေး) သို့မဟုတ် လွှစာမှုန့် လောင်စာတောင့် ငါးပိဿာခန့်ကို တစ်ကြိမ် ထည့်ထားပြီး သုံးပါက ၈ နာရီမှ ၁၂ နာရီခန့်အထိ ကြာအောင် ဆက်တိုက်ချက်ပြုတ်အသုံးပြုနိုင်သည်။

ထို့အပြင် စွန့်ပစ်ပစ္စည်းများဖြစ်သည့် အမှိုက်၊စပါးခွံ၊ပဲအမျိုးအမျိုးခွံ၊ အပင်၊လွှစာမှုန့်၊စက္ကူ၊သစ်ရွက်ခြောက် အစရှိသည့် လောင်စာအခြောက်များကိုလည်း အသုံးပြုနိုင်သည်။(ဝဲပုံ)

Dual Gasifier မီးဖိုကို ဝယ်ယူသူများအတွက် လက်တွေ့သရုပ်ပြ ရှင်းလင်းပြသမည်ဖြစ်ပြီး ဆားဗစ်စင်တာကိုပါထားရှိသည်။

ဆက်သွယ်မှာယူနိုင်

Dual Gasifier မီးဖိုကို ဝယ်ယူလိုပါက အမှတ် ၁၁၃၅ ချင်းတွင်းလမ်း (၆၃)ရပ်ကွက်စက်မှုဇုန်(၂)ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ် (၆၂) တော်ဝင်လမ်း ဘောဂရပ်ကွက် ကြည့်မြင်တိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၁-၅၉၄၃၁၈နှင့် ၀၉-၈၅၆၆၁၉၀တို့ထံသို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကို ဇန်နဝါရီ ၂၂ ရက်က ကျင်းပရာ မြို့နယ်ပညာရေးမှူး ဒေါ်ခင်ထားဝင်းက ဘာသာရပ်များ ထူးချွန်ပြိုင်ပွဲတွင် ပထမဆုရရှိသော ဆဋ္ဌမတန်းမှ မောင်ကောင်းခန့်ကျော်အား ဆုချီးမြှင့်စဉ်။ (ပညာရေး)

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၄၂)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၉

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်စီစဉ်သော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ် (၁၄၂)ကို အထက(၂) လသာမှ ခြောက်ဘာသာဂုဏ်ထူးရှင် မနှင်းယုအောင်၏ မျက်နှာဖုံးဖြင့် ထုတ်ဝေဖြန့်ချိလိုက်သည်။

မြင်းမူမောင်နိုင်မိုး၊ မောင်စိမ်းနောင်(လယ်ဝေး)၊ မင်းမောင်နွယ် (မွန်ဌာနီ)၊ ထွန်းတင့်လင်း (မောမြေမြင့်)၊ ကောင်းမြတ် (ခရာတော)၊ ပုဏ္ဏဝတီတင့်နောင်း၊ တွန်းအားရှင်၊ မောင်နီဝင်း(ပခုက္ကူ)၊ မင်းယဉ်စု၊ ဇော်မျိုးဟန် (ငါးသိုင်းချောင်း)၊ မနွယ်(ကလော)၊ တက္ကသိုလ်တင်ခ၊ စိန်လင်း(ခွဲစိတ်နှင့်ကင်ဆာပါရဂူ)၊ ဦးကျော်စိန် (မန္တလေး)၊ မင်းလှမြတ်ထွေး၊ သာနိုင်အောင် (ကျိုက်မရော)၊ မြင့်သိန်းအောင်၊ မလေး (မုံရွာ)၊ မောင်ချစ်ထွေး (မဟာဝိဇ္ဇာ)၊ ခင်ဇ(စက်မှု)၊ သောင်းဝင်း (ယဉ်ကျေးမှု)၊ ကိုမိုး (ရွှေပြည်သာ)၊ မင်းနွယ်၊ သစ္စာမေတ္တာ ကိုကိုအောင်၊ ဦးကျော်ကျော်သန်း (ရွှေဘို)၊ လှမြင့်(ရန်ကုန်တက္ကသိုလ်)၊ ညောင်ညိုပင်ကျော်ဝင်း၊တက္ကသိုလ်စိုးယဉ်၊မောင်တင်ယု၊မင်းဦး (ဒဿန)၊ စောဟန်၊ သာဇေ၊ရေချမ်း၊ဇော်ဗိုလ်လူ၊ဟသာ်တမောင်မျိုးသက်၊ မင်းရွှေမိုး၊ ပုရစ်ဖူး (မင်းလှ)၊ ခင်ဖုန်းကြည် (မိုင်းပွန်)၊ ကောင်းစိတ်လင်း၊ A မိုင် (မူဆယ်)၊ ပြည့်ညို၊ မင်းသက်ခိုင် (ဝက်လာ)၊ နတ်မောက်ကြည်မြိုင်၊ မောင်နွေဝေး (သောင်ပြာကျွန်း)၊ မင်းနွယ်အောင် (စုံနံ့သာမြိုင်)၊ မြတ်ဘုန်း (တပ်ကုန်း)၊ မြတ်လွမ်းနောင် (ပုတီးကုန်း)၊ မောင်သစ်ကြည်၊ ဇဂျီဖုန်းမြိုင် (တပ်ကုန်း)၊ မောင်ငြိမ်းရည် (မင်းကင်း)၊ ဘုန်းသစ်အောင်၊ ရွှေညာသားမြတ်မင်း၊ ငွေးပုလဲ၊ ကိုထွန်းထွန်း (သာယာဝတီ)၊ နီငြိမ်း (အညာတက္ကသိုလ်)၊ မြင်းမူ ဦးအောင်မြင့်သိမ်း၊ နေမျိုးသန့်၊စာတည်းတစ်ဦး၊ တက္ကသိုလ်ကိုလတ်၊ ဒေါ်ထက်ထက်၊ သုကိုကို (ကျုံမငေး)၊ ကျော်ဇောဟိန်း(ဒေါ်ပုံ)၊ မမ (တရားရေး)၊ မင်းဇော်ထွန်း (ဘူးသီးတောင်)၊ မြင့်မြတ်သီဂီ၊ မောင်မောင်ကြည်သန့် (ရတနာမြေ)၊ စည်တော်သံ၊ နွေသင်နိုင်၊ညိုလွမ်းအောင်၊ဆင်ဖြူကျွန်းအောင်သိန်းတို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါး၊ ကာတွန်း၊ ကလေးတို့အတွက် ကဗျာလက်ဆောင်စာလက်ဆောင်၊ တောလေ့စာပန်းချီ၊ ဓမ္မအလင်း ကဗျာပန်းခင်း၊ မှတ်သားစရာ သတ်ပုံကဗျာ၊ ကဗျာပန်းရုံရိပ်၊ ဗုဒ္ဓစာဥယျာဉ်၊ တိုင်းရင်းသားကဏ္ဍ၊ နိုင်ငံ့ဂုဏ်ရည် သားစစ်သည်ကဏ္ဍ၊ စင်ကာပူခရီးသည်၊ ကျောင်းသားလူငယ်ကဏ္ဍ၊ ဖွံ့ဖြိုးဝေစည် နိုင်ငံ့ဂုဏ်ရည်၊ နက္ခတ်အမြင်နှင့် ဇာတာရှင်၊ ဟာသရသကဏ္ဍ၊ ရုပ်ရှင်ဗီဒီယိုကဏ္ဍ အစရှိသည်တို့ဖြင့် သုတရသစုံလင်စွာ စီစဉ်တင်ဆက်ထားသည်။

အဆိုပါမဂ္ဂဇင်းကို နိုင်ငံ့ဂုဏ်ရည် စာပေတိုက်(၁) အမှတ် ၅၂၉-၅၃၁ စာပေဗိမာန် အဆောက်အအုံ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည် စာပေတိုက်(၂) သစ္စာလမ်း ရန်ကင်း ဆရာအတတ်သင်ရှေ့ ရန်ကုန်မြို့ ဖုန်း-၇၂၅၅၃၀နှင့် အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။ ***(သတင်းစဉ်)***

ယာဉ်တိုက်မှုလျော့နည်းစေရေး လက်ကမ်းစာစောင်ဖြန့်ဝေ

သထုံ ဇန်နဝါရီ ၂၉

မွန်ပြည်နယ် သထုံခရိုင် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူး ဖေသန်း ဦးစီး၍ သထုံခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောအဖွဲ့သည် ဇန်နဝါရီ ၁၅ရက်က သထုံမြို့နယ်အတွင်း ဖြတ်သန်းသွားလာသည့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအား ယာဉ်စည်းကမ်းများနှင့်အညီ မောင်းနှင်ခြင်းရှိမရှိကို ရှောင်တခင် စစ်ဆေးသည်။

ထို့နောက် ယာဉ်တိုက်ခိုက်မှုလျော့နည်းစေရေးအတွက် ပညာပေးအစီအစဉ်အနေဖြင့် မော်တော်ယာဉ်မောင်းနှင်သူများ၊ မော်တော်ဆိုင်ကယ်မောင်းနှင်သူများ၊ အနေးယာဉ်များနှင့် လမ်းအသုံးပြုသူများ လိုက်နာရန် စည်းကမ်းချက်များပါဝင်သော လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ) (ခရိုင် ပြန်/ဆက်)**

စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲပြုလုပ်

ပွင့်ဖြူ ဇန်နဝါရီ ၂၉

မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ရွာသစ်ကုန်းကျေးရွာအုပ်စု ရွာသစ်ကုန်းကျေးရွာ လောကအလင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်စာစောင်များပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၅ ရက်နံနက် ၁၀ နာရီက အဆိုပါ စာကြည့်တိုက် အဆောက်အအုံ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှငွေး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်မေသန္တာအောင်၊ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးဘိုဘိုတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အမှာစကား

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှငွေးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မေသန္တာအောင်က စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး အကြောင်းကို ပြောကြားသည်။

လှူဒါန်း

အဆိုပါစာကြည့်တိုက်သို့ မြို့နယ်ဥက္ကဋ္ဌ ဦးလှငွေးက ငွေကျပ် ၂၀၀၀၀၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်နှောင်းကငွေကျပ်၁၀၀၀၀၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက စာအုပ်စာစောင်များ၊ မြို့နယ်ဦးစီးမှူးက စာအုပ်စာစောင်မျိုးစုံအုပ်ရေ ၁၀၀နှင့် ကျေးရွာပြည်သူများက စာအုပ်စာစောင်များဝယ်ယူရန် လှူဒါန်းငွေ စုစုပေါင်း ငွေကျပ် ၂၆၇၇၀၀ ကို ပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးသန်းလင်းက လက်ခံယူသည်။

စာကြည့်တိုက် အဆောက်အအုံမှာ အလျား ၂၄ ပေ၊ အနံ ၁၂ ပေ၊ အမြင့် ၁၀ပေ ရှိကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဆေးပညာရပ်ဆိုင်ရာ ဟောပြောပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၉

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ဆီးနှင့် ကျောက်ကပ်ပညာရှင် အဖွဲ့က ကြီးမှူး၍ ပန်းသေ ပန်းညှိုးရောဂါနှင့် ကျားသွေးဆုံးခြင်း၊ ကျားဟော်မုန်းလျော့နည်းခြင်းရောဂါဆိုင်ရာ ဟောပြောပွဲကို ဇန်နဝါရီ ၂၃ ရက် နံနက် ၁၀နာရီက ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ ကျင်းပရာ အခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အမှာစကားပြောကြားသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ Zar & Zar Co., Ltd. မှ MD ဒေါက်တာမျိုးသန့်က ဟောပြောပွဲကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ဟောပြော

ထို့နောက် ဆီးနှင့် ကျောက်ကပ်ဆေးပညာရှင်အဖွဲ့ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဦးတိုးလွင်နှင့် ဆီးနှင့်ကျောက်ကပ်ခွဲစိတ်ပါရဂူ ဒေါက်တာ ဦးမင်းသူတို့က ပန်းသေပန်းညှိုးရောဂါ (Impotency)နှင့် ကျားသွေးဆုံးခြင်း၊ ကျားဟော်မုန်းလျော့နည်းခြင်း (Male Andropause , Male Hormone Deficiency) ခေါင်းစဉ်ဖြင့် ဆေးနှင့်ဆေးပညာရပ်များကို ဟောပြောကြကြောင်း သိရှိရသည်။**(မြန်မာ့အလင်း)**

လွတ်လပ်ရေးနေ့ အခမ်းအနား မိုးကောင်း၌ ကျင်းပ

မိုးကောင်း ဇန်နဝါရီ ၂၉

မိုးကောင်းမြို့တွင် ၂၀၁၁ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီက လွတ်လပ်ရေး ကျောက်တိုင်တည်ရှိရာ မြက်ခင်းပြင်၌ ကျင်းပသည်။ နံနက် ၇ နာရီတွင် သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သည့် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်လင်းက ဖတ်ကြားခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းကတ္တရာလမ်းများ လမ်းပေါက်ဖာထေးခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဇန်နဝါရီ ၁၅ ရက်က အမှုဆောင်အရာရှိ ဦးစောဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးရန်မျိုးကျော်တို့ ကွင်းဆင်းဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြား

၃၀-၁-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇း၀၄ ၃။ နိုင်ငံတော်သီချင်း
- ၇း၀၅ ၄။ တရားတော်
- ၇း၁၅ ၅။ ဓမ္မပူဇာတေး
- ၇း၂၀ ၆။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၇။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၈။ မြန်မာသံစဉ် ချိုနားဝင်
- ၇း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ မြဝတီအဖွင့်
- ၁၁း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၁၁း၀၄ ၃။ နိုင်ငံတော်သီချင်း
- ၁၁း၀၅ ၄။ အဖွင့်သီချင်း
- ၁၁း၁၀ ၅။ မျိုးချစ်တပ်မတော်
- ၁၁း၃၀ ၆။ ကာတွန်းအစီအစဉ် **ချစ်မိတ်ဆွေဗလကြီး** (အပိုင်း-၂၆)
- ၁၁း၂၅ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှောင်ကြိုး**
- ၁၂း၃၀ ၈။ ကျန်းမာသုတ
- ၁၄း၀၀ ၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်မျက်ရည်လေးပြယ်ပါစေ** (အပိုင်း-၃၇)

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄း၀၄ ၃။ နိုင်ငံတော်သီချင်း
- ၄း၀၅ ၄။ အဖွင့်သီချင်း
- ၄း၁၀ ၅။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၆။ မြန်မာ့ရှုခင်း
- ၄း၃၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၃၅ ၈။ လျှပ်တစ်ပြက်
- ၄း၄၀ ၉။ သီဆိုဖြေဖျော် တစ်ကိုယ်တော်
- ၄း၄၅ ၁၀။ အားလုံးရဲ့တာဝန်
- ၄း၅၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၂၀ ၁၂။ ဒီဇိုင်နာတို့ရဲ့ ဒီဇိုင်း
- ၆း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၁၄။ အမျိုးသားရေးတေးကဗျာ
- ၆း၃၀ ၁၅။ ဘဝကြေးမုံ **လရောင်ဆမ်းသော ပီတိ** အကယ်ဒမီ ချိုပြုံး၊ လေပြေ၊ ရန်နိုင်နှင့် သရုပ်ဆောင်များ (ဒါရိုက်တာ-ဆဲဗင်း I.C)
- ၆း၅၀ ၁၆။ ဂင်းနက်စ် ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
- ၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြယ်စင်ညီအစ်မများ** (အပိုင်း-၅၁)
- ၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ နိုင်ငံတကာသတင်း
- ၂၁။ မိုးလေဝသသတင်း
- ၂၂။ ပဟေဠိနန်းတော်
- ၂၃။ ကျန်းမာသုတ
- ၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဘတစ်ပြန်ကျားတစ်ပြန်** (အပိုင်း-၆)
- ၂၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အိမ်အပြန်လမ်း** (အပိုင်း-၂၄)

EXIM Bank of China ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ ဝန်ကြီးဦးလှထွန်းအား လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၉

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ EXIM Bank of China ဒုတိယဥက္ကဋ္ဌ Mr. Zhu Xinqiang နှင့်အဖွဲ့သည် ဇန်နဝါရီ ၂၇ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ငွေကြေးဆိုင်ရာကိစ္စရပ်များကို အကျယ်တဝင့်ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်း ဆင့်ပွားသင်တန်း ဘားအံမြို့၌ ဖွင့်လှစ်

ဘားအံ ဇန်နဝါရီ ၂၉

မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း (ပြည်နယ်အဆင့်) ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၂၄ ရက် နံနက် ၈ နာရီက ကရင်ပြည်နယ် မြေစာရင်းဦးစီးဌာန ရုံး၌ ကျင်းပရာ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး ဦးအုန်းမြင့်က အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** ပြည်နယ် မြေစာရင်းဦးစီးဌာနမှူး ဦးတင်အောင်က ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တက်ရောက်

အဆိုပါ သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ပြည်နယ် စိုက်ပျိုးရေးကြီးကြပ်မှု အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် မြေစာရင်းဦးစီးဌာနမှူးများနှင့် လက်ထောက် ဦးစီးမှူးများ၊ သင်တန်းသား ၅၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်ခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

ဈေးရောင်းပွဲတော် စာနယ်ဇင်းမိတ်ဆက်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၉

547 Trading နှင့် မိတ်ဖက်ကုမ္ပဏီများ၏ တတိယအကြိမ် ဈေးရောင်းပွဲတော်နှင့် စပ်လျဉ်းသည့် စာနယ်ဇင်းမိတ်ဆက်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၇ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ စင်ထရယ်ဟိုတယ်၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ ဈေးရောင်းပွဲတော်ကို ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက် နေ့စဉ်နံနက် ၉ နာရီမှ ည ၉ နာရီအထိ ရန်ကုန်မြို့ ကရဝိက်ဥယျာဉ်ကမ္ဘာ မျှော်စင်ကျွန်း၌ ကျင်းပသွားမည်ဖြစ်သည်။ ဈေးရောင်းပွဲတော်၌ အထူးရောင်းချမှု အစီအစဉ်အဖြစ် Gandamar Whole Sale က လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းအသစ်များကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဈေးရောင်းပွဲတော်တွင်ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ ထုတ်ကုန်ကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍအသီးသီးတို့မှ ထုတ်လုပ်ထားသည့် ထုတ်ကုန်ပစ္စည်းများ၊ ရမ္မာမော်တော်ယာဉ်၊ နောင်ရိုး မော်တော်ယာဉ်၊ စားသောက်ကုန်မျိုးစုံ၊ ဒေဝူးနှင့်ဆေးဂဲလ် အထည်ချုပ်စက်ရုံများမှ ထုတ်လုပ်သည့် အဝတ်အထည်အမျိုးမျိုးနှင့် ပလတ်စတစ် လူသုံးကုန်ပစ္စည်းများ အစရှိသည်တို့ကိုခင်းကျင်းပြသ ရောင်းချသွားမည်ဖြစ်သည်။ ဝန်ဆောင်မှုကဏ္ဍတွင် မြန်မာ့ကြယ်ငါးပွင့်လုပ်ငန်း၊ လန်းပြီ ပင်လယ်ရေကြောင်းကုမ္ပဏီလီမိတက်၊ ဗန္ဓုလ သယ်ယူပို့ဆောင်ရေး၊ ပါရမီတက္ကစီလုပ်ငန်း၊ မြဝတီခရီးသွားလုပ်ငန်းတို့၏ ဝန်ဆောင်မှုလုပ်ငန်းများကိုလည်း ခင်းကျင်းပြသသွားမည် ဖြစ်သည်။

AMBUR ELECTRONIC ဆိုင်တွင် ရေခဲသေတ္တာ၊ အဝတ်လျှော်စက်၊ ရုပ်သံဖမ်းစက်၊ လေအေးပေးစက်တို့ အပါအဝင် အသုံးအဆောင်ပစ္စည်းမျိုးစုံကို ရောင်းချသွားမည် ဖြစ်သည်။ ထို့ပြင် True, Tokiwa, Aphrodite, MAMEE, Premier စသည့် အရောင်းဆိုင်များ ပါဝင်ဖွင့်လှစ် ရောင်းချသွားမည့်အပြင် ဆောက်လုပ်ရေး လုပ်ငန်းများအတွက် Berger အိမ်သုတ်ဆေး မျိုးစုံ၊ Myanmar Posco Steel က အမိုးသွပ်များကိုလည်း ရောင်းချသွားမည်ဖြစ်သည်။ ကံစမ်းမဲလက်မှတ်များကို ဖေဖော်ဝါရီ ၁၄ ရက်တွင် မဲဖောက်ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အာစရိယပူဇော်ပွဲနှင့် တွေ့ဆုံပွဲကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၂၉

ခတ်ခွဲကျွမ်းကျင်(၃)၊ ခတ်ခွဲစစ်ဆေးသူ (ပ)တန်း ကျောင်းသားကျောင်းသူများ၏ အာစရိယပူဇော်ပွဲနှင့်တွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၁၀ နာရီတွင် တော်ဝင်နှင်းဆီခန်းမ၌ ကျင်းပမည်ဖြစ်ရာ Technician ကြီး/ငယ် အားလုံးတက်ရောက်ကြရန်နှင့် အလှူငွေလှူဒါန်းလိုပါက ဦးကြည်လှ (NHL) ဖုန်း-၀၉-၅၀၄၇၈၂၁၊ ဦးထွန်းရွှေ (NHL) ဖုန်း-၇၃၀-၄၃၈၄၁၊ ဒေါ်သန်းသန်းနွဲ့ (မသောင်) ဖုန်း-၀၉-၅၁၆၈၃၀၀၊ ဦးစိုးလွင်ဦး (YGH) ဖုန်း-၇၃၀-၈၁၇၇၊ ဦးတိုးနိုင် ဖုန်း-၀၉-၈၆၄၀၇၀၉၊ ဦးဒူးကြို(ရှမ်း/မြောက်) ဖုန်း-၀၉-၅၂၃၂၅၃၁၊ ဦးစောရိုက်ဝင်း(ဘားအံ) ဖုန်း-၀၉-၅၆၆၀၉၃၂၊ ဦးကျော်မြင့်(မန္တလေး) ဖုန်း-၀၂-၉၁၀၃၅၊ ဒေါ်ဘီစနူး(ရှမ်း/တောင်) ဖုန်း-၀၉-၅၂၄၂၃၆၉ နှင့် ဒေါ်တင်ရွှေ (မော်လမြိုင်) ဖုန်း-၀၉-၄၉၈၁၅၈၄၈ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ကျောင်းစာကြည့်တိုက် အထောက်အကူပြုပစ္စည်းများပေးအပ်

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် အလှူရှင်များက အထက(၁) ကမာရွတ်၊ အထက(၂) ကြည့်မြင်တိုင်၊ အထက(၄) လှိုင်နှင့် အလက(၁) မရမ်းကုန်းကျောင်းများရှိ စာကြည့်တိုက်များအတွက် အထောက်အကူပြုပစ္စည်းများ၊ စာအုပ်စာစောင်များနှင့် အလှူငွေများပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၅ ရက် နံနက်က ကမာရွတ်မြို့နယ်အထက(၁)သီဂီမြိုင်ခန်းမ၌ကျင်းပရာ ရေးဦးစွာ ခရိုင်ဥက္ကဋ္ဌ ဦးကျော်သူဇော်၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး (စီမံ/ဘဏ္ဍာ)ဦးတင်လှိုင်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အနောက်ပိုင်းခရိုင် ဦးစီးမှူးတို့က အမှာစကားနှင့် လှူဒါန်းရခြင်းရည်ရွယ်ချက်များကို ပြောကြားသည်။

ထို့နောက် ခရိုင်ဥက္ကဋ္ဌ ဦးကျော်သူဇော်က ကျောင်းလေးကျောင်းမှ ကျောင်းအုပ်ကြီးများသို့ ငွေကျပ် ၆၅ သိန်းတန်ဖိုးရှိ စာကြည့်တိုက်အထောက်အကူပြုပစ္စည်းများ၊ စာအုပ်စာစောင်များနှင့် အလှူငွေများကို ပေးအပ်သည်။ (ဝဲပုံ)

ဟောပြော

ဆက်လက်၍ တာဝန်ရှိသူတို့က အလှူရှင်များ လှူဒါန်းသော အလှူငွေများကို လက်ခံပေးကြပြီးနောက် စာရေးဆရာ မောင်ခင်မင်(ဓနုဖြူ)နှင့် မောင်စိမ်းရောင် (လယ်ဝေး)တို့က စာဖတ်ခြင်း အကျိုးကျေးဇူးများကို ဟောပြောကြကြောင်း သိရှိရသည်။ (၁၆၄)

ဇန်နဝါရီ ၃ ရက်က အမက(၁၀) မင်္ဂလာဒုံကျောင်း၌ ပညာရည်ချွန်ဆုပေးပွဲကျင်းပရာ ပညာရေးစုံညီပွဲတော်၌ မြို့နယ်အဆင့် စတုတ္ထတန်း သင်္ချာစွမ်းရည် ပထမဆုရ မသင်းသီတာစိုးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဦးက ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

ဂုဏ်ပြုမှတ်တမ်းပေးအပ်

မုဒုံမြို့ ဘုရားလေးဆူရပ်နေ ဦးလွန်းဖေ၊ ဒေါ်လှညွန့်၊ ဦးမောင်သန်း၊ ဒေါ်လှသွင်တို့အား အမှူးထား၍ ရန်ကုန်မြို့နေ ဦးမြင့်ဦး၊ ဒေါ်မြင့်မြင့်သီ၊ သမီး မလိမ္မာဦး၊ သား ခန့်စည်သူ မိသားစုတို့က မုဒုံဘိုးဘွားရိပ်သာ ငွေပဒေသာပင်အတွက် ငွေကျပ်ငါးသိန်း လှူဒါန်းရာ အတွင်းရေးမှူး ဦးလှသိန်းက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

(မြို့နယ် ပြန်/ဆက်)

စာအုပ်စာပေ

လှူမိတ်ဆွေ

ကွင်းဆင်းကြီးကြပ်

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အေးသာယာမြို့ သပြေလမ်း Box Culvert ကို ဇန်နဝါရီ ၂ ရက်က အငယ်တန်းအင်ဂျင်နီယာ-၂ ဒေါ်သန္တာကျော်နှင့်အဖွဲ့ ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် အင်ဂျင်နီယာမှူး ဦးအောင်နိုင်ထွန်းတို့ ကွင်းဆင်းကြီးကြပ်စဉ်။

(မြို့နယ်စည်ပင်)

တပ်ကုန်းမြို့နယ် ဆင်သေကျေးရွာ၌ စာကြည့်တိုက်ဖွင့်

နေပြည်တော် ဇန်နဝါရီ ၂၉

ပညာ့အားမာန်စာကြည့်တိုက် ဖွင့်ပွဲကို ယနေ့တွင် နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် ကင်မွန်းတန်းကျေးရွာအုပ်စု ဆင်သေကျေးရွာ၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦး တက်ရောက် အဖွင့်အမှာစကားပြောကြားပြီး စာကြည့်တိုက် တည်ဆောက်မှုအတွက် ငွေကျပ် သိန်း ၅၀ကို ပေးအပ်လှူဒါန်းသည်။

ဖွင့်လှစ်

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းထွန်း၊ တပ်ကုန်းမြို့နယ် ဥက္ကဋ္ဌ ဦးအေးလူနှင့် ရပ်မိရပ်ဖ ဦးခိုင်ငွေတို့က စာကြည့်တိုက်အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြကြောင်း **(ယာပုံ)** သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုနေ့ အထိမ်းအမှတ် တိုင်းရင်းသားရိုးရာ အစားအစာနှင့် အသုံးအဆောင်ပစ္စည်းများ ရောင်းချပွဲကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၂၉

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် တိုင်းရင်းသားရိုးရာအစားအစာနှင့် အသုံးအဆောင်ပစ္စည်းများရောင်းချပွဲတော်ကို ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့) မှ ၁၄ရက်အထိ ရန်ကုန်မြို့ အင်းလျားလမ်းရှိ စိမ်းလန်းစိုပြည်ဥယျာဉ်၌ ယခင်နှစ်များအတိုင်း ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါရောင်းချပွဲတော်ကို နံနက် ၉ နာရီမှ ည ၉ နာရီအထိ ကျင်းပသွားမည်ဖြစ်သည်။

ဝယ်ယူစားသုံးနိုင်

ယင်းပွဲတော်သို့လာရောက်မည့် ဧည့်သည်များအနေဖြင့် တစ်နေရာတည်း၌ တိုင်းရင်းသားလူမျိုးစုံတို့၏ ရိုးရာဝတ်စုံများနှင့် အမှတ်တရပစ္စည်းများကို ဝယ်ယူနိုင်ပြီး စားကောင်းဖွယ် ရိုးရာအစားအစာများကိုလည်း စိတ်ကြိုက်ဝယ်ယူစားသုံးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀-၁-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅း၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	**ဖြစ်ပျက်မြင်မှဖြစ်ပျက်မုန်းမည်** တရားတော် (ဆရာတော်ဘဒ္ဒန္တ ဒေါက်တာစန္ဒာဝရာဘိဝံသ)
၆း၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၁၄၉)
၇း၃၀	MRTV-4 သတင်း
၈း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၁၆)
၈း၅၀	Activities in the City ပညာရည်ချွန်ဆုပေးပွဲနှင့် သက်ကြီးပူဇော်ပွဲ (လေးမျက်နှာမြို့နယ်အသင်း)
၉း၀၅	MRTV-4 အစီအစဉ်တင်ဆက်သူ ရွေးချယ်ပွဲ (အပိုင်း-၂)
၉း၅၅	Sunday Talk [မာဂျေ (အောင်နိုင်)၊ မျိုးမြတ်သူ]
၁၀း၂၅	အထူးကုများအစီအစဉ် (ဦးနှောက်နှင့်အာရုံကြောဆိုင်ရာ ရောဂါများ)
၁၀း၄၅	ဗီဒီယိုပြခန်း
၁၁း၀၅	ဈေးဝယ်လမ်းညွှန် (ကေခိုင်ထွန်းပိုးထည်)
၁၁း၄၀	ရန်ကုန်မြင်ကွင်းကျယ် (မိဘဂုဏ်ရည်ချောင်းကူးတံတား ဖွင့်ပွဲအခမ်းအနား)
၁၁း၅၅	ဖန်ခါးမြေမှရတနာ
၁၂း၀၅	စိတ်ကူးအိပ်မက်အနာဂတ်အတွက် "YIUS"
၁၂း၂၀	လင်းလက်ကြယ်ပွင့်တို့နှင့်ယနေ့ ကျန်းမာရေး (အပိုင်း-၂) (ပါမောက္ခဒေါက်တာ ချယ်ရီသန်းသန်းတင်၊ တင်မိုးလွင်၊ ဝတ်မှုန်ရွှေရည်၊ စိုးပြည့်သဇင်၊ ဂျင်းနီ)
၁၂း၄၅	ဘွဲ့အမည် နာမတော်သုံးမျိုးနဲ့ထင်ပေါ် ဘုရင်ညီနောင်ရတနာ လိုဏ်ဂူတော်
၁း၀၀	**ဖြစ်ပျက်မြင်မှဖြစ်ပျက်မုန်းမည်** တရားတော်(ဆရာတော်ဘဒ္ဒန္တ ဒေါက်တာစန္ဒာဝရာဘိဝံသ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	စကားနပန်း **ငွေနောက်လိုက်တာကောင်းတယ်၊ ငွေနောက်မလိုက်တာကောင်းတယ်**
၃း၁၅	MRTV-4 အစီအစဉ်တင်ဆက်သူ ရွေးချယ်ပွဲ (အပိုင်း-၃)
၄း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၁၆)
၄း၅၅	ကျန်းမာလှပသွယ်လျဖို့ Smart Girl ကို သွားကြစို့
၅း၁၀	FMF Selection
၅း၃၅	MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀	MRTV-4 သတင်း
၆း၂၀	သွားမယ်စားမယ် (Sen Viet)
၆း၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (ဇာတ်သိမ်းပိုင်း)
၇း၂၀	လပြည့်ဝန်းသို့ တမ်းချင်းည Live Show (Part-1)
၈း၀၀	MRTV-4 သတင်း
၈း၃၀	ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၂၉)
၈း၄၅	Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၉း၂၀	ရန်ကုန်မြင်ကွင်းကျယ် (ဗုဒ္ဓသာသနာရက္ခိတစုပေါင်း အလှူရှင်များ၏ကုသိုလ်ပြုပွဲ)
၉း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၁၇)
၁၀း၀၅	ပန်းချီပြခန်း (The Art Gate)
၁၀း၃၀	**FA Cup Fulham Vs Tottenham**
၁၂း၃၀	ရွှေဖြစ်မည့်ရတနာအစစ်...
၁၂း၄၀	**ဇီဝိတဒါနသွေးလှူဖို့ သွေးအားပြည့်အောင်နေကြစို့** ငှက်ပျောကြော်၊ ချစ်သုဝေ၊ မိုးယုစံ၊ မီးမီးသုခ (ဒါရိုက်တာ-ကိုရွှေမိုးသက်)
၁၂း၄၅	ဟိုတယ်လမ်းညွှန် (NATURE LAND HOTEL)
၁း၂၅	မြန်မာစာ၊ မြန်မာစကား
၁း၄၅	တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (ပျော်ရွှင်ဆင်နွှဲဒေါင့်ချငါးဖမ်းပွဲ)
၂း၀၀	ရွှေအလင်းအိမ်မှသည် ကားပိုင်ရှင်များဆီသို့
၂း၁၅	ငြိမ့်ညောင်းသာယာစောင်းပညာ
၂း၄၅	မြင့်မြတ်စိတ်ထား AIKI-KEN အားကစား
၃း၁၅	မြန်မာ့လက်ရာ (မြန်မာ့အနုပညာလက်မှုပစ္စည်း အရောင်းပြခန်း)
၃း၃၀	မောတို့မြေမှအံ့ဖွယ်ထူးခြား လိုဏ်ဂူများ
၄း၂၀	ဖူးမြော်ကြည်ညိုဖွယ်ရာ စစ်ကိုင်းမြို့မှတန်ခိုးကြီးစေတီများ
၄း၃၅	စိတ်ကူးတို့နှင့်မြမြင်းမိုရ်
၄း၅၅	ဖူးစို့ဘုရားစုံမြို့ဖျာပုံ
၅း ၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင်
ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင်
UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆း၂၅	Arsenal - Huddersfield Town	ESPN (Live)
၈း၃၀	Notts County - Man City	ESPN (Live)
၁၀း၃၀	Fulham - Tottenham	ESPN (Live)

ဇန်နဝါရီ ၂၇ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂၂) ရပ်ကွက် အမှတ်(၁၇) မူလတန်းလွန်ကျောင်း ပညာရည်ချွန်ဆုပေးပွဲတွင် ဒုတိယတန်း(B)မှ ပထမဆုရရှိသူ မအင်ကြင်းမွန်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်အေး ဆုချီးမြှင့်စဉ်။ (ပညာရေး)

စိုးမင်းဦးရဲ့ဂိုးနဲ့ ကမ္ဘောဇ အနိုင်ရ ရန်ကုန်ယူနိုက်တက် နိုင်ပွဲဆက်

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံ-ဖိုးသော်ဇင်

ရန်ကုန် ဇန်နဝါရီ ၂၉

MNL Grand Royal 2011 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၃)ကို ယနေ့ညနေပိုင်းက တောင်ကြီးမြို့ရှိ KBZ ကွင်း၊ သုဝဏ္ဏကွင်းနဲ့ အောင်ဆန်းကွင်းတို့မှာ ဆက်လက်ကျင်းပခဲ့ပါတယ်။

(KBZ ကွင်း)
ကမ္ဘောဇ -တစ်ဂိုး
(စိုးမင်းဦး)
ရတနာပုံ -ဂိုးမရှိ

ရတနာပုံအသင်းဟာ အခုပွဲမှာ အကောင်းဆုံး ခြေစွမ်းမျိုးမရဘဲ အဝေးကွင်းမှာ ကမ္ဘောဇအသင်းကို ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။ သုံးပွဲကစားအပြီးမှာ တစ်မှတ်သာရသေးလို့ လက်ရှိချန်ပီယံ ရတနာပုံအသင်းကတော့ ချန်ပီယံဆု ကာကွယ်ဖို့ ပိုလို့ကြိုးစားရတော့မှာဖြစ်ပါတယ်။

အနိုင်ယူ

ကမ္ဘောဇအသင်းကတော့ နှစ်ပွဲဆက်အနိုင်နဲ့အတူ အမှတ်ပေးဇယား တတိယနေရာကို ရောက်ရှိလာခဲ့ပါတယ်။ ၂၀၁၀ MNL အမှတ်ပေးပြိုင်ပွဲတုန်းက နှစ်ကျော့စလုံး အရှုံးအနိုင် မပေါ်ခဲ့ပေမယ့် အခုနှစ်မှာတော့ ကမ္ဘောဇအသင်းဟာ အိမ်ကွင်းမှာ အနိုင်ယူနိုင်ခဲ့တာဖြစ်ပါတယ်။ နိုင်ပွဲရဖို့အတွက် ကမ္ဘောဇအသင်းဟာ လူစုံထုတ်ကစားခဲ့သလို ရတနာပုံအသင်းကလည်း အမှတ်ယူနိုင်ဖို့ ကြိုးစားခဲ့တာကြောင့် ပွဲဟာအပြန်အလှန် ရှိခဲ့ပါတယ်။

(သုဝဏ္ဏကွင်း)
ရန်ကုန်ယူနိုက်တက် -သုံးဂိုး
(ဂျူမီနယ်၊ မျိုးမင်းထွန်းနှင့် ချာလက်စ်အိုဘီ)
ဇေယျာရွှေမြေ -နှစ်ဂိုး
(ဂျီလစ်နှင့် စိုးမြတ်သူ)

အမှတ်ပေးဇယားထိပ်ဆုံးနေရာလုပွဲမှာတော့ ရန်ကုန်ယူနိုက်တက်အသင်းက နိုင်ပွဲရယူပြီးထိပ်ဆုံးနေရာကို ရယူနိုင်ခဲ့ပါတယ်။ သုံးပွဲဆက် အနိုင်ရခဲ့တဲ့ ရန်ကုန်ယူနိုက်တက်အသင်းကတော့ ဧသဘာအသင်းနှင့်အမှတ်တူ ဂိုးကွာခြားချက်နဲ့ ထိပ်ဆုံးနေရာကို ရယူခဲ့တာဖြစ်ပါတယ်။

(အောင်ဆန်းကွင်း)
ဧသဘာယူနိုက်တက် -တစ်ဂိုး
(လစ်ပီလစ်ပီ)
နေပြည်တော် -ဂိုးမရှိ

ယနေ့ပွဲ

(သုဝဏ္ဏကွင်း) မကွေး နှင့် ဇွဲကပင်ယူနိုက်တက်
(အောင်ဆန်းကွင်း) ရောဝတီယူနိုက်တက် နှင့် ရက္ခပူရယူနိုက်တက်

ကမ္ဘောဇအသင်းမှ သိန်းသန်းဝင်း ရတနာပုံဘက်သို့ ထိုးဖောက်နေစဉ်။

အထက်ပိုင်းဒေသများ၌ ညအပူချိန်များလျော့နည်းနိုင်

နေပြည်တော် ဇန်နဝါရီ ၂၉

ယနေ့နံနက် ၉နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ကချင်ပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၄ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၈ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

ဇန်နဝါရီ ၃၀ရက် ညနေအထိခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာဖွယ်ရာရှိပြီး ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံအရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀မှ ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ပန်းတနော်မြို့ မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်

ပန်းတနော် ဇန်နဝါရီ ၂၉

ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးမီးဘေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းအဖြစ် ဇန်နဝါရီ ၁၅ရက်တွင် ပန်းတနော်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဝင်းနိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးသိန်းနှင့် မြို့နယ် မီးသတ်ဦးစီးမှူး ဦးမောင်မောင်ဦးတို့က ကြီးကြပ်၍ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့မဈေး အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းပြီး မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်မှု ဆောင်ရွက်ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)(မြို့နယ်စာပေနှင့်စာနယ်ဇင်း)**

လျှပ်စစ်သုံးလျှင် သတိယှဉ်
ဝန်အားမမျှ မသုံးရ

ဖွံ့ဖြိုးရေးတက္ကသိုလ် သင်တန်းသား သင်တန်းသူများ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကြည့်ရှုလေ့လာ

နေပြည်တော် ဇန်နဝါရီ ၂၉

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ လေးနှစ်သင်တန်း အမှတ်စဉ်(၄၂)မှ လေ့လာရေး သင်တန်းသား သင်တန်းသူများသည် ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းတွင် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၂) တည်ဆောက်ရေး(မန္တလေး) ရဲ့ရွာရေအားလျှပ်စစ်စီမံကိန်း၌ လုပ်ငန်းဆောင်ရွက်နေမှုများကို အဖွဲ့များခွဲ၍ လှည့်လည်ကြည့်ရှုလေ့လာကြပြီး ညနေပိုင်းတွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရွှေစည်းခုံစေတီတော်မြတ်ကြီး၊ အလိုတော်ပြည့်ဘုရားနှင့် အာနန္ဒာဘုရားတို့အား ဖူးမြော်ကြည်ညိုကြသည်။

ဖူးမြော်ကြည်ညို

လေ့လာရေး သင်တန်းသား သင်တန်းသူများသည် ဇန်နဝါရီ ၂၇ရက် နံနက်ပိုင်းတွင် လောကနန္ဒာဘုရား၊ မြစေတီ၊ ဗူးဘုရားနှင့် သဗ္ဗညုဘုရားများအား လှည့်လည် ဖူးမြော် ကြည်ညိုကြသည်။ ဆက်လက်၍ သမဝါယမဝန်ကြီးဌာန အိမ်တွင်းစက်မှုလက်မှုဦးစီးဌာန ယွန်းပညာကောလိပ်ရှိ ယွန်းပြတိုက်၊ ယွန်းနည်းစဉ်ခန်းမနှင့် ယွန်းလက်မှုပစ္စည်း အရောင်းဆိုင်တို့ကို လည်းကောင်း၊ ပုဂံရှေးဟောင်းသုတေသနပြတိုက်နှင့် သီရိဇေယျဘူမိနန်းတော်တို့ကို လည်းကောင်း ကြည့်ရှုလေ့လာကြကာ မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ်ရှိ ပုပ္ပားတောင်ကလပ်ကို တက်ရောက် ဖူးမြော်ကြည်ညိုကြသည်။

ကြည့်ရှုလေ့လာ

လေ့လာရေးအဖွဲ့သည် ဇန်နဝါရီ ၂၈ရက် နံနက်ပိုင်းတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြက်မောက်တောင်ရေလှောင်တမံ၊ မိတ္ထီလာမြို့ရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ ကျောက်ဆည် စက်ရုံများနယ်မြေရှိ ဘိလပ်မြေစက်ရုံ၊ စက်ဘီးစက်ရုံနှင့် စွပ်ကျယ်စက်ရုံတို့ကို ကြည့်ရှုလေ့လာကြပြီး ညနေပိုင်းတွင် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သို့ ပြန်လည် ရောက်ရှိကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကင်းမြို့နယ် အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်း ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးကျော်မြင့်ဆွေက (၂၇)နှစ်ဆက်တိုက် ခွင့်ရက်မပျက်ဆုရရှိသော အလယ်တန်းပြ ဆရာမ ဒေါ်ခင်မူဦးအား ဆုချီးမြှင့်စဉ်။ (ပညာရေး)

ဟိုတယ်လုပ်ငန်းဆိုင်ရာ သင်တန်းများ ဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၉

မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း(ရန်ကုန်ဇုန်)နှင့် အင်္ဂလန်နိုင်ငံ Confederation of Tourism and Hospitality (CTH) အသိအမှတ်ပြု Asia Masters ဟိုတယ်သင်တန်းကျောင်းသည် ပြည်တွင်း/ပြည်ပ အလုပ်အကိုင် ရှာဖွေလိုသူများနှင့် ကိုယ်ပိုင်လုပ်ငန်းငယ် လုပ်လိုသူများအတွက် အထူးအသက်မွေးသင်တန်း တစ်ခုကို ဖေဖော်ဝါရီ ၄ ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။ သင်တန်းအမျိုးအစားအနေဖြင့် အလုပ်အကိုင် ရှာဖွေလိုသူများနှင့် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူများအတွက် နှစ်လ Certificate သင်တန်းများနှင့် နိုင်ငံတကာအသိအမှတ်ပြု CTH Hotel Management Diploma နှင့် Advanced Diploma for Hotel Management များအတွက် တစ်နှစ် သင်တန်းများဟူ၍ နှစ်မျိုးပါဝင်သည်။

တစ်နှစ် CTH Diploma in Hotel Management သင်တန်းမှာ အင်္ဂလန်နိုင်ငံ CTH အသိအမှတ်ပြုဖြစ်ပြီး ပြည်တွင်း/ပြည်ပ ဟိုတယ်ကြီးများ၊ စားသောက်ဆိုင်ကြီးများတွင် မန်နေဂျာဖြစ်လိုသူများ တက်ရောက်သင့်သည့် သင်တန်းဖြစ်သည်။ ဘာသာရပ် ၁၀ မျိုး ပါဝင်ပြီး တစ်နှစ်တွင် စာမေးပွဲ သုံးကြိမ်ရှိသည်။ စာမေးပွဲများကို ဇန်နဝါရီ၊ ဇွန်နှင့် စက်တင်ဘာလများတွင် ကျင်းပပြီး မိမိပိုင်နိုင်သည့် ဘာသာရပ်များကို စိတ်ကြိုက် ဖြေဆိုနိုင်သည်။ ပညာအရည်အချင်း မရှိပါကလည်း လုပ်ငန်းအတွေ့အကြုံရှိသူများ တက်ရောက်နိုင်သည်။ Diploma သင်တန်းပြီးဆုံးပါက Advanced Diploma သင်တန်းတစ်နှစ်ကို မြန်မာနိုင်ငံတွင် ဆက်လက် တက်ရောက်နိုင်သည်။ နောက်ဆုံးနှစ် ဘွဲ့ယူရန်အတွက် နိုင်ငံတကာ တက္ကသိုလ်များတွင် ဆက်လက်တက်ရောက်နိုင်သည်။

တက်ရောက်နိုင်

နှစ်လ Certificate သင်တန်းများတွင် ဟိုတယ်စားဖိုမှူး၊ ဘားဝန်ထမ်း၊ စားပွဲထိုး၊ ဧည့်ကြိုနှင့် လေယာဉ်မယ်၊ အိပ်ခန်းဆောင်ထိန်း၊ အဲယားကွန်းကျွမ်းကျင်၊ အရောင်းနှင့် ငွေကိုင် ဝန်ထမ်းသင်တန်းဟူ၍ သင်တန်းခုနစ်မျိုး ပါဝင်သည်။ Certificate သင်တန်းများအတွက် အသက်အရွယ်မရွေး၊ ကျား/မ မရွေး၊ ပညာအရည်အချင်းမရွေး တက်ရောက်နိုင်သည်။

သင်ကြားပေး

Asia Masters သည် မြန်မာနိုင်ငံတွင် ပထမဆုံး ဘက်စုံဖွံ့ဖြိုးရေး သင်တန်းတစ်ခုဖြစ်ပြီး သင်တန်းတစ်ခု တက်ရောက်သူတိုင်းကို အင်္ဂလိပ်/ တရုတ် ဘာသာစကား၊ ကွန်ပျူတာအခြေခံနှင့်အင်တာနက်၊ ကိုယ်ကာယအလှ သင်တန်း၊ ယူနီဖောင်းနှင့် ရန်ကုန်မြို့တွင်း ဟိုတယ်နှင့်စားသောက်ဆိုင်များ လေ့လာရေးခရီး အလုပ်အကိုင် သတင်းအချက်အလက်တို့ကို အခမဲ့ထည့်သွင်းပေးထားသည်။ မြန်မာနိုင်ငံ ဟိုတယ်စားသောက်ဆိုင်များအပြင် ယူအေအီး၊ ကာတာ၊ ကူဝိတ်၊ ဆော်ဒီ၊ အိုမန်၊ ဘာရိန်း၊ မလေးရှားနှင့် စင်ကာပူနိုင်ငံများမှ ဟိုတယ် SOP များအတိုင်း သင်ကြားပေးသဖြင့် အလုပ်အကိုင်အတွက် ပြင်ဆင်ထားပြီး ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

အသေးစိတ်သိလိုပါက ဖုန်း- ၃၇၆၃၁၁၊ ၃၆၁၃၇၈ လိုင်းခွဲ - ၇၁၅ ၊ E.mail အမှတ် kml 1983.a@gmail.com. သို့ လည်းကောင်း၊ website အမှတ် www. asiamasters.org တွင် လည်းကောင်း စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

တင်းနစ်ပြိုင်ပွဲ ဒုတိယပွဲစဉ်များ စတင်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၉

International Tennis Federation (ITF)၏ ခွင့်ပြုချက်အရ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် ITF 14 & Under Asian Championships 2011 Group (2) တင်းနစ်ပြိုင်ပွဲ၏ ဒုတိယပြိုင်ပွဲ (2nd Tournament)ကို ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ စတင်ကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်မှ အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် တင်းနစ်အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

ကျင်းပပြီးစီး

ဒုတိယပြိုင်ပွဲ (2nd Tournament) ပထမနေ့ပြိုင်ပွဲတွင် အမျိုးသား တစ်ဦးချင်း ၄၆ ပွဲကို နံနက်ပိုင်း၌ကျင်းပပြီး အမျိုးသားအမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲ ၁၀ပွဲကို ညနေပိုင်းတွင် ဆက်လက်ကျင်းပပြီးစီးသွားသည်။

ဆက်လက်ကျင်းပ

ITF 14 & Under Asian Championships 2011 Group (2) တင်းနစ်ပြိုင်ပွဲ၏ ဒုတိယပြိုင်ပွဲ (2nd Tournament) ဒုတိယနေ့ ပြိုင်ပွဲများကို ဇန်နဝါရီ ၃၀ ရက် နံနက် ၈နာရီခွဲတွင် ယင်းတင်းနစ်ကွင်း၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၃ ရက်က တိုက်ကြီးမြို့နယ် အမှတ်(၁) အခြေခံပညာမူလတန်းကျောင်း၌ ပညာရေးစုံညီပွဲတော်နှင့် ကိုးနှစ်ဆက်တိုက် မြို့နယ်ဂုဏ်ဆောင် ပညာရေးအောင်ပွဲကျင်းပရာ အခမ်းအနားတွင် ဘာသာစုံပထမဆုရ မကေဇင်ဟိန်းနိုင်၊ မြန်မာစာပထမဆုရ မခိုင်ဇာသွယ်၊ အင်္ဂလိပ်စာ တတိယဆုရ မယဉ်ယဉ်မင်းထွန်း၊ လူမှုရေးတတိယဆုရ မပွင့်သူဇာခိုင်တို့က မြို့နယ်အဆင့် မူလတန်းဘက်စုံထူးချွန် တံခွန်စိုက်အလံကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ကျင်လှိုင်ထံအပ်နှံစဉ်။ (မြို့နယ် ပြန်/ဆက်)

စာပေမြင့်မှ လူမျိုးတင့်မည်

◆ *ကျောဖုံးမှ*

မြို့မှာနေ မြို့မှာပဲ ကြီးပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးအကြောင်း နကန်းမျှမသိ၊ စတိုးဆိုင်ကြီးများ၊ ကုမ္ပဏီလုပ်ငန်းကြီးများလုပ်မှသာ စီးပွားရေးအလုပ်ဟု ထင်မိသူကျွန်တော့်အတွက် ကိုဝင်းထိန်၏ ကြီးမားသော ကြက်မွေးမြူရေးခြံကြီးက အံ့ဩမှင်တက်စေသည်။

တိုးတက်မွေးမြူ

"ခင်ဗျား တကယ်ပဲ ကြက်ကောင်ရေ ၅၀၀ က စခဲ့တာလား"၊

"အမှန်ပေါ့ဗျာ စလုပ်စဉ်က တစ်နှစ်ကို ငွေကျပ် ၁၀သိန်း အကျိုးမြတ်ရတော့ လုပ်ငန်းထဲ ပြန်ထည့်ရင်း တစ်နှစ်ကို ကောင်ရေ ၁၀၀၀ တိုးတိုးလာတာပေါ့၊ ၂၀၀၂ ခုနှစ်မှာဆို ကောင်ရေ ၃၀၀၀ ရှိလာပြီ၊ ကိုယ့်ခြံနဲ့ကိုယ် စမွေးခဲ့တာပေါ့၊ ၂၀၀၄ ခုနှစ်မှာ ဘားအံမွေးမြူရေးဇုန်ပေါ်လာတော့ မြေ နှစ်ဧက ယူပြီး ဆက်မွေးလာတာ အခု ဆရာတို့ မြင်တဲ့အတိုင်း ကောင်ရေ ၈၀၀၀အထိ တိုးပွားလာပါပြီ"။

"ဥစားကြက်ရဲ့ ဥချိန်က ၁၄လ ရှိပြီး ဥချိန်ကုန်ရင် အသားအတွက် ထုတ်ရောင်းပြီး ဥစားကြက် ကောင်ရေ ပြန်ထည့်ရပါတယ်။ လက်ရှိ တစ်နေ့ကို ပျမ်းမျှ ကြက်ဥ ၆၀၀၀ ထွက်ပါတယ်။ လက်ရှိ ဖြန့်ဖြူးဈေးအရ တစ်လုံးကို ငွေကျပ် ၉၀နှုန်းနဲ့ ဖြန့်ဖြူးပေးပါတယ်။ ခြံအရောက် လာယူကြတာပေါ့"။

မုဒိတာပွား

ကိုဝင်းထိန်၏ ကြက်ခြံများက လက်ရှိ မြေနေရာနှင့်ပင် ပြည့်လျှံလျက်ရှိနေပေပြီ။ ကိုယ့်မြေ၊ ကိုယ့်ရေတွင် ကိုယ်ပိုင်စိတ်ကူး၊ ကိုယ်ပိုင်အတွေးအခေါ် ဒဿနတို့ဖြင့် ကြိုးပမ်းလုပ်ကိုင်ရင်း အောင်မြင်နေမှုကို မုဒိတာပွားမိ၏။

ဆိတ်မွေးမြူရေး

ကြက်ခြံ၏ ဟိုမှာဘက်ခြံတွင်မှု အရောင်အသွေး စုံလင်လှသော ဆိတ်များကို လှမ်းမြင်ရ၍ ဆိတ်မွေးမြူရေးခြံသို့ ကူးခဲ့ကြပြန်ပါသည်။

ပိုင်ရှင်က လူငယ်လေးတစ်ဦးသာဖြစ်သည်။ ကျွန်တော်တို့ကို ဖော်ဖော်ရွေရွေ ကြိုဆိုရင်း "ကျွန်တော့်နာမည်က စိုးသူကျော်ပါ၊ လက်ရှိ ဆိတ်ကောင်ရေ ၆၀ မွေးမြူထားပါတယ်"။

စတင်မွေးမြူ

"စမွေးတုန်းက ကောင်ရေ ၂၀နဲ့ပဲ စတာပါ။ ရှစ်လအကြာမှာ အခုကောင်ရေ ၆၀ ရှိလာပါပြီ၊ စတင်ရင်းနှီးမြှုပ်နှံမှုကတော့ ဆိတ်တစ်ကောင်ကို ငွေကျပ် လေးသောင်း ငါးထောင်၊ ငါးသောင်း ငါးထောင် ရှိပါတယ်။ ဆိတ်မတမ်း မတွေ့ဆို မွေးပြီး ငါးလနီးပါးလောက်မှာ သားပေါက်ပါတယ်။ အခု သားပေါက်လေးတွေလည်း ရှိပါတယ်"။

ဘားအံမွေးမြူရေးဇုန်

ကျွန်တော်တို့သည် ဆိတ်ခြံမှတစ်ဆင့် အခြားမွေးမြူရေးခြံများသို့လည်း လေ့လာခဲ့ကြသေးသည်။ လေ့လာရာတွင် လိုက်ပါကူညီပေးရှာသမက ဘားအံမွေးမြူရေးဇုန်အကြောင်း ရှင်းလင်းပြောကြားပေးသော ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ သိန်းဇော်ဝင်းကိုလည်း ကျေးဇူးတင်ပါ၏။

ဖော်ထုတ်

ဘားအံမွေးမြူရေးဇုန်ကို ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ဖွဲ့စည်းခဲ့သည်။ ဘားအံမြို့နှင့် သုံးမိုင်ခန့်ဝေးပြီး ၇၀ ဒသမ ၆၀ ဧက ကျယ်ဝန်းကာ စုစုပေါင်း မြေကွက် ၂၃၇ကွက်ဖြင့် ဖော်ထုတ်ပေးခဲ့၏။

ယခုအခါ ဥစားကြက်၊ အသားတိုးကြက်၊ ဆိတ်၊ ဝက်နှင့် နို့စားနွားများ မွေးမြူထားသည်။ ကရင်ပြည်နယ်အတွင်း အလားတူ ကော့ကရိတ်၊ မြဝတီ၊ လှိုင်းဘွဲ့နှင့် ကမမောင်းတို့၌လည်း မွေးမြူရေးဇုန်များကို ထူထောင်ထားပြီးဖြစ်သည်။ ဆက်လက်၍ လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာအနီး မြေဧက ၂၂ ဒသမ ၃၃ ပေါ်၌ ရွာသာအေး မွေးမြူရေးဇုန်ကို တည်ထောင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

စွန့်ဦးတီထွင်

ကိုယ်ပိုင်စိတ်ကူး၊ ကိုယ်ပိုင်အတွေးအခေါ်ရှိပြီး ကံ၊ ဉာဏ်၊ ဝီရိယကို အရင်းတည်ကာ စွန့်ဦးတီထွင်သူတို့အတွက် ကိုယ့်မြေ၊ ကိုယ့်ရေပေါ်တွင် လုပ်စရာ အလုပ်တွေကား တစ်ပုံတစ်ပင် ရှိနေပါသေးတကား။ ။

ကြက်ခြံများမှထွက်ရှိသော ကြက်ဥများကို ဈေးကွက်အတွင်းသို့ နေ့စဉ် ဤသို့ အလျဉ်မပြတ် ပို့ဆောင်ပေးနေရသည်။



ဥစားကြက်များ

ဥနှုန်း ကောင်းလှသည့် ဥစားကြက်များကို ဤသို့ စနစ်တကျ မွေးမြူထားသည်မှာ အားရဖွယ်ရာ....။

လှိုင်မြို့နယ်၌ သုတဘဏ်စာကြည့်တိုက်ဖွင့်

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၁)ရပ်ကွက်ရှိ သုတဘဏ် စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၁၄ ရက် နံနက် ၁၀ နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်အုန်းမြင့်၊ ရပ်ကွက်အဖွဲ့ဝင် ဦးဝင်းမြင့်နှင့် စာကြည့်တိုက်မှူး ဦးအောင်ကိုဦးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြောင်း သိရှိရသည်။ (အောက်ပုံ) (မြို့နယ် ပြန်/ဆက်)

ဇန်နဝါရီ ၂၇ ရက်က လူကုန်ကူးခြင်းခံရသော မြန်မာနိုင်ငံသားများအား ပြန်လည်ပို့ဆောင်ရေး၊ မိဘရပ်ထံပြန်လည်အပ်နှံရေးနှင့် မိသားစုပေါင်းစည်းရေးဆိုင်ရာ နဝမအကြိမ် မြန်မာ-ထိုင်း ညှိနှိုင်းအစည်းအဝေးကို မန္တလေးမြို့ Sedona Hotel ၌ ကျင်းပစဉ်။ (သတင်းစဉ်)

မြောက်ဥက္ကလာပ အထက (၆) ပညာရည်ချွန်ဆုပေး

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် အမှတ် (၆)အခြေခံပညာ အထက်တန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို အထက (၆) သဇင်ခန်းမ၌ ဇန်နဝါရီ ၂၂ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးကျော်မြင့်က အမှာစကားပြောကြား၍ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း အမှုဆောင်အဖွဲ့အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို အတွင်းရေးမှူး ဦးဇော်ဂျီက ဖတ်ကြား တင်ပြသည်။

ထို့နောက် ပညာရည်ချွန်ဆုပေးပွဲကို ဆက်လက်ကျင်းပရာ Myanmar ICT Award 2010 အတွက် Educational Project Competition ပြိုင်ပွဲအထက်တန်းဆင့်တွင် အကောင်းဆုံးဆုရရှိသော ကျောင်းသား ကျောင်းသူများအား ကျောင်းအုပ်ဆရာမကြီး ဒေါ်နုနုရီက ဆုချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

ရန်ကုန်ခရီးသွားဂျာနယ် အတွဲ(၄)၊ အမှတ်(၂) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီက ယာဉ်တိုက်မှုများ လျော့နည်းပပျောက်စေရန် ယာဉ်ပိုင်ရှင်၊ ယာဉ်လုပ်သားများ အသိပညာတိုးတက်ရန်၊ လိမ္မာယဉ်ကျေးရန်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသိရှိလိုက်နာစေရန်နှင့် ခရီးသွားပြည်သူများနှင့် ယာဉ်လုပ်သားများ သဟဇာတဖြစ်စေရန်တို့အတွက် ရည်ရွယ်၍ ရန်ကုန်ခရီးသွားဂျာနယ် အတွဲ(၄)၊ အမှတ်(၂)ကို ဇန်နဝါရီ ၂၈ ရက်က ထုတ်ဝေဖြန့်ချိလိုက်သည်။

ယခုထုတ်ဝေလိုက်သော ရန်ကုန်ခရီးသွားဂျာနယ်တွင် မအိ၊ မောင်ဟေမာ၊ ကျော်ဝင်းမောင်(ကျောက်မဲ)၊ မုံရွာဝင်းဖေတို့၏ ကဗျာများ၊ ရွှေကိုဦး၊ မောင်မောင်ညွှက်၊ မင်းဇော်ဦးတို့၏ ကာတွန်းလက်ရာများ၊ ဓမ္မာစရိယ ဦးခင်မောင်၊ ခင်မြန်မာ၊ အရှင်ပါမောက္ခ(ကြို့ပင်ကောက်)၊ မောင်ချိုဝေ၊ ဦးငွေသိန်း (ကုမ္ပဏီလမ်းညွှန်)၊ ကောင်းသန့်၊ ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်)၊ ပါစီမျိုးမြင့်၊ ခင်မောင်ညို(ဘောဂဗေဒ)၊ ဒေါက်တာ ဒေါ်စိုးသူ၊ ခင်ပန်နှင်း၊ တက္ကသိုလ် စိုးယဉ်၊ မိချမ်းဝေ၊ တက္ကသိုလ် ညိုသန့်၊ တင်ထွန်းဦး(ယဉ်ကျေးမှု)၊ နဒီထိုက်၊ ဝင်းယုမောင်၊ ဆောင်းဝင်းလတ်၊ မောင်မြတ်မွန်(ဆူးလေ)၊ နွေသင်နိုင်၊ နိုင်နိုင်၊ မပြည့်ဝင်း၊ မနွယ်(ကလော)တို့၏ ရသစုံ၊ ကဏ္ဍစုံ၊ လက်ရာစုံများအပြင် အယ်ဒီတာ၏ ရန်ကုန်ခရီးသွားသတင်းများ၊ ကျော်ဌေး (ဘီအေစီ) ၏ ရန်ကုန်ခရီးသွားဂျာနယ်၊ နိုင်ငံတကာသတင်းနှင့် ကျန်းမာရေးကဏ္ဍ၊ ခင်မောင်တိုး (မိုးမိတ်)၏ ခရီးသွားဟာသကဏ္ဍနှင့် ပါရမီရှင်၏တစ်လအတွင်း သင်သိစရာကဏ္ဍများ ပါဝင်သည်။

ရန်ကုန်ခရီးသွားဂျာနယ်ကို ရန်ကုန်မြို့ စာအုပ်ဆိုင်ကြီးများ၊ မထသ ဌာနခွဲများနှင့် ဂိတ်များ၌ရနိုင်ပြီး စာမူနှင့် ကြော်ငြာကိစ္စများအတွက် ဆက်သွယ်လိုပါက အမှတ်(၄၇၄) သိမ်ဖြူလမ်း ကန်တော်ကလေးစာတိုက်ရှေ့ ဖို့မြေရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၁၈၅၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မီးပိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ

ရေပိုက်လိုင်းများ ပြုပြင်

မိုင်းယု ဇန်နဝါရီ ၂၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းယုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် ဒွန်းခရားရေပေးရေး ရေပိုက်လိုင်းများ ပြုပြင်ခြင်းလုပ်ငန်းကို ဇန်နဝါရီ ၆ ရက်က အငယ်တန်း အင်ဂျင်နီယာ (၃) ဦးအေးမြတ်စိုး ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးထန်ဒေါင့်တွန် ကြီးကြပ် ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ (မြို့နယ်စည်ပင်)

ကတ္တရာထပ်ပိုးလွှာခင်း

ရှာင်မြို့နယ် ရှာင်-အောင်ပန်း-ဟန်မြင့်မိုရ်လမ်းအတွင်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း ဆောင်ရွက်နေမှုကို မြို့နယ်ဥက္ကဋ္ဌ ဦးရဲထွဋ်နှင့်အဖွဲ့ဝင်များ ဒီဇင်ဘာ ၂၈ ရက်က ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးညို ဦးသန်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)

○ *ရှေ့ဖုံးမှ*

ရပ်တန့်

သတ်မှတ်ထားသော ကားမှတ်တိုင်မှာ ရွှေမန်းရုပ်ရှင်ရုံ အလွန်တွင်ဖြစ်သည်။ ယခုအခါ မီးပွိုင့်နှင့် ရွှေမန်းရုပ်ရှင်ရုံအကြား ဟံသာဝတီဘက်မှလာသော Free ကွေ့လမ်းကြောအစပ်တွင် ရပ်ကြသည်။ မြေနီကုန်းမီးပွိုင့် ဒဂုံစင်တာဘက်အခြမ်းမှ မီးပွိုင့်လွတ်သည်နှင့် ထိုလိုင်းကားများက အလုအယက်ဖြတ်ကျော်ကာ အဆိုပါ နေရာတွင် တစ်ရှိန်ထိုး တိုးဝင်ရပ်ကြသည်။ လူတင်၊ လူချ လူခေါ်ပြုလုပ်ကြသည်။ မီးပွိုင့်မှကားများ ထပ်မံမလွတ်ခင်အထိ ဖြစ်သည်။ အချို့လိုင်းကားများက ယာဉ်ကြောနှစ်ထပ်ပင် ရပ်တန့်၍ လူစောင့်ခေါ်နေကြသည်။

ထိုအခါ ဟံသာဝတီမှ ပြည်လမ်းအတိုင်း မောင်းနှင်လာသည့် ယာဉ်မှာ မြေနီကုန်းမီးပွိုင့် Free ကြောမှ ဗားကရာလမ်းဘက်သို့ ချိုးဝင်သည်နှင့် မှတ်တိုင်တွင် ဆင့်ကဲရပ်ထားသော လိုင်းကား၏ နောက်ပိုင်းနှင့် မလွတ်၍ ပတ်ကျော်ပန်းကွေ့မောင်းနှင်ရသည်။

ထိုအခိုက် ပြည်လမ်း၊ ပဲခူးကလပ်ဘက်မှ မောင်းနှင်လာသော ယာဉ်တို့ မီးပွိုင့်ကို ချိုး၍ ဗားကရာလမ်းသို့ ဝင်လာသည့်အခါ မကြာခဏခေါင်းချင်းဆိုင် တိုက်လုမတတ်အနေအထားများ ဖြစ်ခဲ့ရသည်။ ထိုစဉ် ဒဂုံစင်တာရှေ့ မီးပွိုင့်လွတ်သည့်အချိန်နှင့်တိုးပါက လမ်းလေးခွဆုံတွင် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ခဲ့ပြီး ခရီးသွားပြည်သူတို့မှာ ထိုကားများအကြားမှ ဟိုကွေ့သည်ရှောင်ဖြင့် အပြေးအလွှား လမ်းကူးကြရသည်။ အန္တရာယ်များလှသည်။ ထိုဖြစ်ပျက်မှုများနှင့်ပတ်သက်၍ တက္ကစီ ယာဉ်မောင်း ကိုထွန်းလေးက "ဒီရွှေမန်းရုပ်ရှင်ရုံအနီးမှာ လိုင်းကားတွေ မလွတ်မလပ် ရပ်တာကြောင့် ယာဉ်တိုက်မှုတွေ ဖြစ်ပေါ်နိုင်ပါတယ်" ဟု သုံးသပ်ပြောကြားခဲ့သည်။

ကိုယ်ပိုင်ယာဉ် စူပါရှု မောင်းသူ ဦးစိန်ဝင်းက "ကျွန်တော်ဆို နေ့စဉ် တပ်မတော်ပန်းခြံဘက်ကနေ ကြည့်မြင်တိုင်ကို သွားရပါတယ်။ အခုလို မီးပွိုင့်အနီး ကွေ့ကြောအနားမှာ လိုင်းကားတွေ လူအတင်အချ လုပ်တာ ခရီးသည်အတွက်ရော၊ ကျွန်တော်တို့လို ယာဉ်မောင်းသူတွေအတွက်ပါ အချိန်မရွေး အန္တရာယ်ဖြစ်ပေါ်လာနိုင်ပါတယ်" ဟု သူ့အမြင်ကို ပြောပြသွားသည်။

စည်းကမ်းလိုက်နာ

စမ်းချောင်းမြို့နယ်မှ ကျောင်းဆရာမတစ်ဦးက "အဲဒီမှတ်တိုင်ဟာ အရင် ရွှေမန်းရုပ်ရှင်ရုံ အလွန်မှာပါ၊ အဲဒီနေရာက အရိပ်မရှိ၊ အမိုးမရှိလို့ လူတွေက သစ်ပင်အရိပ်ရှိတဲ့ ဒီနေရာက စောင့်ရင်း မှတ်တိုင်အတင်အချဖြစ်သွားတာပါ။ ဒါပေမယ့် ကားပေါ်တက်နေတုန်း ကွေ့လာတဲ့ကားက အရှိန်နဲ့ ဝင်တိုးမှာနေ့တိုင်းစိုးရိမ်နေရပါတယ်" ဟုပြောပြခဲ့သည်။ ၎င်းနောက် စာရေးသူ အနီးဝန်းကျင်ကို မှတ်တမ်းဓာတ်ပုံရိုက်ရန် သတိထားကြည့်မိသည်။ ခရီးသွားများကလည်း စည်းကမ်းမဲ့စွာ



မှတ်တိုင်မဟုတ်သော မီးပွိုင့်အနီး ခရီးသည် အတင်အချပြုလုပ်ကြသဖြင့် ယာဉ်အန္တရာယ်လွန်စွာများလှသည်။

လမ်းဖြတ်ကူးခြင်း၊ ပလက်ဖောင်းပေါ် မဟုတ်ဘဲ လမ်းမပေါ် လမ်းလျှောက်ခြင်းများ ပြုလုပ်နေကြသည်ကို တွေ့ရသည်။ ယာဉ်အန္တရာယ်ကင်းရှင်းရန်အတွက် ယာဉ်ရောလူပါ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာဖို့ လိုအပ်သည်မဟုတ်ပါလား။

သို့နှင့် မွန်းလွဲပိုင်းတွင် ထိုနေရာသို့ တစ်ခေါက်ပြန်ရောက်တော့ လိုင်းကားများ ထိုနေရာတွင် မရပ်တော့။ ရွှေမန်းရုပ်ရှင်ရုံအလွန် မူလ မှတ်တိုင်တွင် ရပ်နေကြသည်ကို တွေ့ရသည်။ ထိုစဉ် လိုင်းကားတစ်စီး ဖြတ်သွားတော့ ကားစပယ်ယာ၏ လှမ်းအော်သံကို ကြားလိုက်ရသည်။

"ရှေ့ကိုလာ ရှေ့ကိုလာ ဟိုမှာ လှည့်ကင်းရှိတယ် အဲဒီမှာ မရပ်ဘူး" ဟု စပယ်ယာက ကားပေါ်မှ အော်သွားသည်။ ခရီးသည်များကလည်း ကသုတ်ကရက် သူ့ထက်ငါ ဦးအောင် သတ်မှတ် မှတ်တိုင် ကားရပ်ရာဆီသို့ အပြေးအလွှား သွားကြသည်။

နိုင်ငံကြီးသားပီသစွာ

ထို့ကြောင့် စာရေးသူစိတ်ထဲ "နေ့တိုင်း ဒီနေရာမှာ လှည့်ကင်းရှိနေရင် ဒီယာဉ်လိုင်းတွေလည်း နေ့တိုင်း စည်းကမ်းရှိနေမှာပဲ" ဟု တွေးမိလိုက်ပေမယ့် တစ်ဆက်တည်းမှာပဲ "ခရီးသွားတိုင်း နိုင်ငံကြီးသား ပီသစွာ အသိနှင့် ယှဉ်ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို လိုက်နာကြရင်တော့ ပိုလို့ကောင်းမှာပဲ" ဟု တွေးလိုက်မိပါတော့သည်။ ။

(မြန်မာ့အလင်း)

မြေနီကုန်းမီးပွိုင့်အနီး ယာဉ်နှစ်ထပ်ရပ်ပြီး လူတင်သည်သာမက ခရီးသွားများကလည်း ပလက်ဖောင်းပေါ်မှ မဟုတ်ဘဲ လမ်းမပေါ် ဤသို့လျှောက်နေရာ ယာဉ်အန္တရာယ်ကို ဖိတ်ခေါ်နေသကဲ့သို့ရှိသည်။

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဦးဇော်မင်း အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း၏ ပင်မတမံ R.C.C စတင်သွန်းလောင်းခြင်းအခမ်းအနားတွင် ပင်မတမံအဆင့်(၁)(Stage.1) အား စက်ယန္တရားကြီးများဖြင့် R.C.C သွန်းလောင်းနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း ပင်မတမံ R.C.C စတင်သွန်းလောင်းခြင်းအခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၉

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၁) တည်ဆောက်ရေးက အကောင်အထည်ဖော်တည်ဆောက်လျက်ရှိသည့် အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း၏ ပင်မတမံ R.C.C စတင်သွန်းလောင်းခြင်းအခမ်းအနားကို ဇန်နဝါရီ ၂၇ရက် နံနက်ပိုင်းတွင် အဆိုပါစီမံကိန်းလုပ်ငန်းခွင်၌ ကျင်းပရာ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း၊ ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စစ်ဆေး

ထို့နောက် ဝန်ကြီးသည် ပင်မတမံအဆင့်(၁)(Stage .1) အား စက်ယန္တရားကြီးများဖြင့် R.C.C သွန်းလောင်းနေမှုကို ကြည့်ရှုအားပေးပြီး Bottom Outlet R.C.C နှင့် C.V.C ကွန်ကရစ် သွန်းလောင်းပြီးစီးမှုနှင့် တမံဝဲဘက်ကမ်း မြေကြီးကျောက်သားတူးဖော်ပြီးစီးမှုနှင့် ဓာတ်အားပေးစက်ရုံ ဆွစ်ယဒ် တည်ဆောက်မည့် နေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

လျှပ်စစ်ဓာတ်အားစီမံကိန်း

အဆိုပါ အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း၏ တမံအမျိုးအစားမှာ R.C.C ကွန်ကရစ်တမံဖြစ်ပြီး တမံအမြင့် ၃၂၂ ပေ၊ တမံအလျားပေ ၁၆၉၀ ရှိကာ R.C.C ကွန်ကရစ်ကျင်းပေါင်း ၃၃၀၀၀၀ ကို Block ၂၇ ခု၊ Stage ၉ခုဖြင့် သွန်းလောင်းမည်ဖြစ်သည်။ စီမံကိန်းပြီးစီးပါက စက်တပ်ဆင်အင်အား ၁၄၀မဂ္ဂါဝပ်မှ နှစ်စဉ်ပျမ်းမျှလျှပ်စစ်ဓာတ်အား ကီလိုဝပ် နာရီသန်းပေါင်း ၄၅၄ သန်း ထုတ်လုပ်ပေးနိုင်မည့် စီမံကိန်းတစ်ခုဖြစ်ကြောင်းသိရှိရသည်။**(သတင်းစဉ်)**

မြို့မကျောင်းသား ကျောင်းသူဟောင်းများအသင်း မြန်မာ့ရိုးရာထမနဲပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၉

မြို့မကျောင်းသား ကျောင်းသူဟောင်းများအသင်းက ကြီးမှူးကျင်းပမည့် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ထမနဲပွဲကို ဖေဖော်ဝါရီ ၁၈ ရက် (သောကြာနေ့) ညနေ၄နာရီတွင် ရန်ကုန်မြို့ အမှတ် ၆၈ စကားဝါလမ်း ဒဂုံမြို့နယ်ရှိ မြို့မကျောင်းသား ကျောင်းသူဟောင်းများအသင်း မြတ်မွန်ရတနာခန်းမ၌ကျင်းပမည်ဖြစ်ရာ အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ မြို့မကျောင်းသား ကျောင်းသူဟောင်းနှင့် မျိုးဆက်သစ်များဖြစ်ကြသော အထက(၂)ဒဂုံနှင့် အထက(၃)ဒဂုံတို့မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်နိုင်ကြောင်းနှင့် အဆိုပါ မြန်မာ့ရိုးရာထမနဲပွဲတွင် ပျော်ပွဲရွှင်ပွဲများ၊ ကံစမ်းမဲများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ရာ အသေးစိတ်သိလိုပါကဖုန်း-၂၅၀၁၅၃၊ ၇၃၀-၁၁၇၀၇ တို့သို့ ဆက်သွယ်နိုင်ပါသည်။ **(မြန်မာ့အလင်း)**

အင်းစိန်မြို့နယ် ဈေးကုန်းအနောက်ရပ်ကွက်၏ ဒသမအကြိမ်မြောက် သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၂၃ ရက်က စူဠာမဏိခန်းမ၌ ကျင်းပရာ ရပ်ကွက်အတွင်းရှိ အသက် (၈၀)နှစ်အထက် သက်ကြီး အဘိုး၊ အဘွားများအား ရပ်ကွက်သူ ရပ်ကွက်သားများက ပူဇော်ကန်တော့ကြစဉ်။ (၁၁၃)

မီးဘေးကြိုတင်ကာကွယ်ရေး အလုံ၌ လက်တွေ့သရုပ်ပြ

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် စောရန်ပိုင်အနောက်ရပ်ကွက် ကမ်းနားလမ်းနှင့် နှင်းဆီကုန်းလမ်းထောင့်ရှိ HTOO စက်သုံးဆီအရောင်းဆိုင်တွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြသမှု အခမ်းအနားကို ဇန်နဝါရီ ၂၅ ရက်က ကျင်းပရာ အလုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး အလုံမြို့နယ် မီးသတ်တပ်ဖွဲ့စခန်းမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးလှသောင်းကမီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးသတ်ဆေးဘူးများ သုံးစွဲပုံ၊ သုံးစွဲနည်းများကို လက်တွေ့သရုပ်ပြသသည်။ **(ဝဲပုံ)**

တက်ရောက်

အဆိုပါ အခမ်းအနားသို့ အလုံမြို့နယ်ဥက္ကဋ္ဌဦးဝင်းမြင့်နှင့်အဖွဲ့ဝင်များ၊ အလုံမြို့နယ် မီးသတ်တပ်ဖွဲ့စခန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ စောရန်ပိုင်အနောက်ရပ်ကွက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် HTOO စက်သုံးဆီအရောင်းဆိုင်ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ဖားကန့်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က နှောင်းမီကျေးရွာ၌ ရေဝေကန်တည်ဆောက်နေမှုကို ဒီဇင်ဘာ ၂၆ ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဦးနိုင်ထွန်းလှိုင် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

လှည်းကူးမြို့နယ်၌ ပညာဗိမာန်စာကြည့်တိုက်ဖွင့် စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်တိုင်းဒေသကြီးမြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ဆားတလင်းကျေးရွာ၌ ပညာဗိမာန်စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၃ ရက် နံနက် ၉ နာရီခွဲက အဆိုပါစာကြည့်တိုက်ရှေ့၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကို၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုလှိုင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးဇော်ဝင်းတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးတို့က စာအုပ်၊ စာစောင်များကို ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌက လက်ခံယူပြီး**(အောက်ပုံ)** ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကုန်သည်/စက်မှု အသင်းချုပ် ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၉

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ကြီးမှူးကျင်းပသော လစဉ်ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲ (ဖေဖော်ဝါရီ/၂၀၁၁)ကို ဖေဖော်ဝါရီ ၅ရက်(စနေနေ့) မွန်းလွဲ၂နာရီတွင် ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်း အမှတ် ၂၉ရှိ UMFCCI Office Tower (ပထမထပ်) ခန်းမ၌ကျင်းပမည်ဖြစ်ရာ ဦးအေးကျော် MHR က မိသားစုစီးပွားရေးမှ နိုင်ငံတကာဖွဲ့စည်းမှုပုံစံသို့ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ပြီး အဆိုပါဟောပြောပွဲသို့ ကုန်သည်/စက်မှုအသင်းချုပ်နှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌများ၊ အမှုဆောင်များ၊ အသင်းဝင်များနှင့် စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်း သိရှိရသည်။

(ကုန်သည်/စက်မှုအသင်းချုပ်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သုံးခွ၌ဟောပြော

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်(တောင်ပိုင်းခရိုင်) သုံးခွမြို့ အထက(၁) ခန်းမတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၉ ရက် နံနက် ၁၀ နာရီက ကျင်းပရာ သုံးခွမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်သိန်းက အသိပညာပေး ဟောပြောသည်။ **(အပေါ်ပုံ)**

တက်ရောက်ခဲ့

အလားတူ ဇန်နဝါရီ ၂၀ ရက် နံနက် ၉ နာရီက သုံးခွမြို့ ရှစ်မျက်နှာစေတီတော်ဝင်းအတွင်းရှိ ဓမ္မရက္ခိတတန်ဆောင်းတွင်လည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေးဟောပြောခဲ့ရာ ခရီးသည်တင်မော်တော်ယာဉ်ဂိတ်မှူးများ၊ ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များ၊ အနေးယာဉ်မောင်းများ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ **(၁၂၄)**

စက်ရုံလုပ်ငန်း ပြည့်ဝန်ထမ်း မြဲတမ်း မီးသတိပြု

30-1 (11).pmd 1 1/30/2011, 2:20 AM

နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား

တောင်ကိုရီးယားအသင်းမှ ပက်ဂျီဆန်အနားယူပြီ

ဆိုးလ် ဇန်နဝါရီ ၂၉

အာရှဖလားဘောလုံးပြိုင်ပွဲတွင် ပါဝင်ကစားခဲ့ပြီး တတိယနေရာလုပွဲအဖြစ် တောင်ကိုရီးယားနှင့် ဥဇဘက်အသင်းတို့ပွဲတွင် သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သော တောင်ကိုရီးယားအသင်းခေါင်းဆောင် ပက်ဂျီဆန်သည် တောင်ကိုရီးယားဘောလုံးအသင်းမှ အနားယူပြီဖြစ်ကြောင်း ဇန်နဝါရီ ၂၉ ရက်၌ ထုတ်ဖော်ပြောကြားလိုက်သည်။

အသက် ၂၉ နှစ်အရွယ်ရှိ ပက်ဂျီဆန်သည် မန်ယူအသင်းကွင်းလယ်တွင် အဓိကကစားသမားအဖြစ် ကစားနေသူ ဖြစ်ပြီး ၎င်းနှင့်အတူ ကစားဖော်လီယောင်ပျို လည်း တောင်ကိုရီးယားဘောလုံးအသင်းမှ အနားယူပြီဖြစ်သည်။

ပက်ဂျီဆန်သည် တောင်ကိုရီးယားဘောလုံးအသင်းတွင် ပွဲပေါင်း ၁၀၀ ပါဝင်ကစားခဲ့သူဖြစ်သည်။ တောင်ကိုရီးယားအသင်း၏ အဓိကကွင်းလယ်ကစားသမားအဖြစ် လည်းကောင်း၊ အသင်းခေါင်းဆောင်အဖြစ် လည်းကောင်း ပွဲပေါင်းများစွာ ကစားပေးခဲ့သူဖြစ်သည်။ **(ဝဲပုံ)**

အနားယူခဲ့

၁၉၈၁ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်၌ မွေးဖွားခဲ့သော ပက်ဂျီဆန်သည် အသက် ၂၉ နှစ်ကျော်ရှိလာပြီး အသက် ၃၀ ပြည့်တော့မည်ဖြစ်ရာ လူငယ်ကစားသမားများအတွက် နေရာပေးရန် အနားယူခဲ့ခြင်းလည်း ဖြစ်သည်။

ပက်ဂျီဆန်သည် တောင်ကိုရီးယားရှိ မြောင်ဂျီတက္ကသိုလ်အသင်းတွင် စတင်ကစားခဲ့ပြီး ဂျပန်ကလပ် ကျိုတိုဆန်ဂါအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သည်။ ထို့နောက် တောင်ကိုရီးယားအသင်းနည်းပြ ဂူဟစ်ဒင့်က နယ်သာလန်ကလပ် ပီအက်စ်ဗွီအင်ဒိုဗန်အသင်းသို့ ပြောင်းရွှေ့ကစားစေခဲ့ရာမှ ခြေစွမ်းပြနိုင်ခဲ့ပြီး မန်ယူအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ပါဝင်ကစား

မန်ယူအသင်းသို့ ပြောင်းရွှေ့ကြေး ပေါင်လေးသန်းဖြင့်ရောက်ရှိလာသော ပက်ဂျီဆန်သည် မန်ယူ၌ ခြေစွမ်းပြနိုင်ခဲ့ပြီး မန်ယူအသင်းကို ပရီမီယာလိဂ်ဖလား သုံးကြိမ်နှင့် ချန်ပီယံလိဂ်ဖလားတစ်ကြိမ်ရယူပေးနိုင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။ တောင်ကိုရီးယားအသင်းနှင့်အတူ ၂၀၀၂ ခုနှစ်ကမ္ဘာ့ဖလားပွဲ၌ စတုတ္ထနေရာရရှိအောင် ပါဝင်ကစားပေးနိုင်ခဲ့သည့်အပြင် ၂၀၀၆ ကမ္ဘာ့ဖလားနှင့် ၂၀၁၀ ကမ္ဘာ့ဖလားပွဲတို့တွင်လည်း ပါဝင်ကစားခဲ့သူဖြစ်သည်။ **(အင်တာနက်)**

လိုင်ယွန်ဂိုးသမားလောရစ် မန်ယူခေါ်မည်

မောင်မောင်မြင့်ဆွေရေးသားသည်

လန်ဒန် ဇန်နဝါရီ ၂၉

မန်ယူအသင်း၏ နံပါတ်တစ်ဂိုးသမား ဗန်ဒါဆာ အနားယူတော့မည်ဖြစ်ရာ ၎င်းနေရာ၌ ပြင်သစ်ကလပ် လိုင်ယွန်အသင်းမှ ဂိုးသမား လောရစ်အား အစားထိုးတာဝန်ပေးရန် မန်ယူက စီစဉ်နေပြီဖြစ်သည်။

အသက် ၄၀ရှိပြီဖြစ်သော ဂိုးသမားဗန်ဒါဆာသည် ၂၀၀၅ခုနှစ်က ဖူလ်ဟမ်အသင်းမှ မန်ယူသို့ ပြောင်းရွှေ့လာသူဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီကုန်တွင် မိသားစုနှင့် အတူတကွ အချိန်ပေးနေထိုင်ရန်အတွက် အနားယူတော့မည်ဖြစ်သည်။

အသက် ၂၃နှစ်အရွယ်ရှိ လောရစ်သည် အာဆင်နယ်အသင်းမှ လိုင်ယွန်အသင်းသို့ ပေါင် ၁၈သန်းဖြင့် ပြောင်းရွှေ့သွားသူဖြစ်သည်။ ယခုအခါ မန်ယူအသင်းက ပေါင်သန်း ၂၀ဖြင့် ခေါ်ယူပြီး လာမည့် ၂၀၁၃ ခုနှစ်အထိ စာချုပ်ရန်စီစဉ်လျက်ရှိသည်။ လောရစ် **(ယာပုံ)**သည် တည်ငြိမ်ပြီးယုံကြည်မှုရှိကာ သေချာပေါက်ဂိုးများကို ကာကွယ်နိုင်သူတစ်ဦးဖြစ်ကြောင်း ဖာဂူဆန်ကပြောကြားသည်။ **(အင်တာနက်)**

ဩစတြေးလျအိုးပင်းတင်းနစ် ကင်မ်ကလစ္စတား ဖလားဆွတ်ခူး

ဘယ်လ်ဂျီယံတင်းနစ်မယ် ကင်မ်ကလစ္စတား(ဝဲ)နှင့် တရုတ်တင်းနစ်မယ် လီနာ(ယာ)တို့အား ဆုဖလားများနှင့်အတူ တွေ့ရစဉ်။

မဲလ်ဘုန်း ဇန်နဝါရီ ၂၉

မဲလ်ဘုန်းမြို့၌ စနေနေ့က ကျင်းပသော ဩစတြေးလျအိုးပင်း တင်းနစ်ပြိုင်ပွဲ အမျိုးသမီးဗိုလ်လုပွဲစဉ်တွင် ဘယ်လ်ဂျီယံတင်းနစ်မယ် ကင်မ်ကလစ္စတားက တရုတ်တင်းနစ်မယ် လီနာကို ၃-၆၊ ၆-၃၊ ၆-၃ ဖြင့်အနိုင်ရခဲ့ပြီး ပထမဆုံးအကြိမ် ဩစတြေးလျအိုးပင်း ချန်ပီယံဆုဖလား ဆွတ်ခူးရရှိသွားသည်။ ဤချန်ပီယံဆုမှာ ၎င်း၏စတုတ္ထမြောက် ဂရင်းဆလမ်းချန်ပီယံဆုဖြစ်သည်။

အိပ်မက်

အမေရိကန်အိုးပင်း သုံးထပ်ကွမ်းချန်ပီယံ ကင်မ်ကလစ္စတားသည် လီနာ၏ ပထမဆုံး အာရှအမျိုးသမီး ဂရင်းဆလမ်းချန်ပီယံဖြစ်ရေးအိပ်မက်ကို အဆုံးသတ်စေခဲ့သည်။

ယနေ့ တနင်္ဂနွေနေ့တွင် အမျိုးသားတစ်ဦးချင်း ပွဲစဉ်အဖြစ် ဆားဘီးယားနိုင်ငံသား ဒီဂျိုကိုဗစ်နှင့် ဗြိတိန်နိုင်ငံသား အင်ဒီမာရေးတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **အမ်အင်န်အေ၊ ရိုက်တာ**

အားကစားဖောင်ပိတ်သတင်း | **မြင့်မောင်စိုး-ရေးသားသည်**

အာရှဖလားဘောလုံးပြိုင်ပွဲ ဂျပန်ဘောလုံးအသင်း ဗိုလ်စွဲ

ကာတာ ဇန်နဝါရီ ၂၉

အာရှဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ကာတာနိုင်ငံ ဒိုဟာမြို့၌ ဇန်နဝါရီ ၂၉ရက်က ဩစတြေးလျအသင်းနှင့် ဂျပန်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြရာ ပထမပိုင်းတွင် ဂိုးမရှိသရေဖြစ်ခဲ့သည်။

ပွဲချိန် ၇၁ မိနစ်တွင် ဩစတြေးလျကစားသမား ကီးဝဲလ်နှင့် ဂျပန်ဂိုးသမားတို့ တစ်ဦးချင်းတွေ့ပြီး ကန်သွင်းရာ ဂျပန်ဂိုးသမားခြေထောက်ကို ထိမှန်သွားသဖြင့် ဩစတြေးလျတို့ ဂိုးကံခေခဲ့သည်။ ပုံမှန်ကစားချိန်တွင် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် အကြိတ်အနယ်ထိုးဖောက်ကစားခဲ့ကြသော်လည်း ဂိုးမသွင်းနိုင်ခဲ့၍ အချိန်ပိုကစားခဲ့ရသည်။

အချိန်ပိုဒုတိယပိုင်းတွင် ဂျပန်တိုက်စစ်မှူးများ လျှပ်တစ်ပြက်ထိုးဖောက်လာရာ တောင်ပံမှ ဖြတ်တင်ပေးလိုက်သောဘောလုံးကို ဂျပန်ကစားသမားလီက မြေမကျဘဲ လှလှပပဝိုက်ကန်လိုက်ရာ ဩစတြေးလျ ဂိုးသမား ပြင်ဆင်ချိန်မရလိုက်ဘဲ ဂိုးဝင်သွားခဲ့သည်။ **(အင်တာနက်)**

အာရှဖလားအနိုင်ရ ဗိုလ်စွဲသွားသော ဂျပန်အသင်းသားများ ဤသို့ ဖလားနှင့်အတူ အောင်ပွဲခံပျော်ရွှင်နေကြသည်ကို တွေ့ရစဉ်။

ILBC ၏ ပဉ္စမအကြိမ်မြောက် ပညာရပ်ဆိုင်ရာပြပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၉

ILBC ၏ ပဉ္စမအကြိမ်မြောက် ပညာရပ်ဆိုင်ရာပြပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် လေးထောင့်ကန်လမ်းရှိ ILBC ကျောင်းအားကစားရုံ၌ ကျင်းပသည်။

အဆိုပါပြပွဲတွင် ILBC မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများပူးပေါင်းပြသကြသည့် ပညာရပ်ဆိုင်ရာပြခန်းများကို**(အပေါ်ပုံ)** ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ ရုပ်ပုံကားချပ်များ၊ ဓာတ်ပုံများ၊ Video Clip များဖြင့် ပြခန်းအလိုက် ILBC မှ ကျောင်းသား ကျောင်းသူများက ဝေဝေဆာဆာ ပြသကြပြီး စိတ်ပါ ဝင်စားသူများ၏ မေးမြန်းချက်များအား ပြန်လည်ရှင်းလင်းပြသနေမှုများကို တွေ့ရသည်။

တီထွင်ကြံဆ

ILBC ၏ ပဉ္စမအကြိမ်မြောက် ပညာရပ်ဆိုင်ရာပြပွဲကို ကျောင်းသား ကျောင်းသူများကျောင်းနေစဉ်ကာလ၌ လေ့လာခဲ့သည့် သင်ခန်းစာများကို လက်တွေ့ဘဝတွင် အသုံးချနိုင်စေရန်ဖြစ်ပြီး ကျောင်းသား ကျောင်းသူများ သင်ကြားထားသည့် ပညာရပ်များနှင့်စပ်လျဉ်း၍ စဉ်းစားတွေးခေါ်မှု ရင့်သန်စေရန်၊ ပညာရပ်အသီးသီးကို လက်တွေ့အကောင်အထည်ဖော်ရာ၌ စာတွေ့အရ တွက်ချက်လေ့လာပြီးမှ ပြုလုပ်စေခြင်းနှင့် စာတွေ့အပြင် လက်တွေ့နှင့် ပူးတွဲလေ့ကျင့်မှသာ အောင်မြင်နိုင်မည်ဟု ယုံကြည်ချက်များရရှိစေရန်၊ လက်တွေ့ပြုလုပ်ရာတွင် စာတွေ့ကိုအခြေခံ၍ ကောင်းသည်ထက် ကောင်းအောင် တီထွင်ကြံဆစေခြင်း၊ ကျောင်းသားတို့၏ အနာဂတ်စီးပွားရေး ရွေးချယ်မှုများ၌ စက်မှုအတတ်ပညာကိုအသုံးချကာ စီးပွားရေး ရွေးချယ်မှုများ ရရှိလာစေရန် အဓိကရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်သည်။

အဆိုပါ ပညာရပ်ဆိုင်ရာပြပွဲကို ယနေ့မှ ဇန်နဝါရီ ၃၀ ရက်အထိ မွန်းလွဲ ၁ နာရီမှ ညနေ ၆ နာရီအထိ တာမွေမြို့နယ် လေးထောင့်ကန်လမ်းရှိ ILBC ကျောင်းတွင်း အားကစားရုံ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များမသုံးစွဲရနေ့ဖြစ်သည်။

၂၀၁၁ ခုနှစ် ဇန်နဝါရီလအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)

(၃၀-၁-၂၀၁၁) ရက်နေ့

၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလအတွက်

(၁၃-၂-၂၀၁၁) ရက်နေ့

နှင့်

(၂၇-၂-၂၀၁၁) ရက်နေ့

ကြံခင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ဆောင်ရွက်သည့် မင်းရဲကျော်စွာလမ်း ကတ္တရာရေပိတ်လွှာ လောင်းခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မီမီခိုင် ဇန်နဝါရီ ၂၂ရက်က ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးအောင်သက်ရှည် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ချမ်းမြသာစည်မြို့နယ်အတွင်း ကတ္တရာခင်းနေမှု မန္တလေးမြို့တော်ဝန် ကြည့်ရှုစစ်ဆေး

မန္တလေး ဇန်နဝါရီ ၂၉

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်သည် ကော်မတီဝင် ဦးမြင့်သိန်းနှင့် ဌာနမှူးများ လိုက်ပါလျက် ဇန်နဝါရီ ၁၁ ရက် နံနက် ၁၁ နာရီခွဲက ချမ်းမြသာစည်မြို့နယ်အတွင်း ၈၄ လမ်းကို ချမ်းမြဝတီ ခုံးကျော်တံတားလမ်းမှ အမှတ်(၂) အခြေခံပညာမူလတန်းကျောင်းအထိ အရှည် ၇၁၈ ပေ၊ အကျယ် ၂၄ ပေ ကတ္တရာလမ်းခင်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ထို့နောက် မြို့တော်ဝန်က မန္တလေးမြို့တော်ဧရိယာအတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းများကို မြေသားလမ်းမှ ကျောက်လမ်း၊ ကျောက်လမ်းမှ ကတ္တရာခင်းလမ်း၊ ကတ္တရာခင်းလမ်းမှ နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်တိုးချဲ့ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့တာဝန်ယူ ဆောင်ရွက်သောလမ်းများ သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေး၊ လုပ်ငန်းသုံး ပစ္စည်းများ အလေအလွင့်နည်းပါးရေး၊ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးတို့အတွက် စနစ်တကျ ကြီးကြပ်ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

တည်ဆောက်ပေးနိုင်

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ၂၀၁၀ -၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် နိုင်လွန်ကတ္တရာ နှစ်လမ်း၊ ကတ္တရာ ၁၇ လမ်း၊ ကွန်ကရစ်လမ်း တစ်လမ်း စုစုပေါင်း လမ်းအရှည် ၁၄ ဒသမ ၂၂ မိုင်၊ ကိုယ့်အားကိုယ်ကိုး နိုင်လွန်ကတ္တရာ တစ်လမ်း၊ ကတ္တရာ ၂၈ လမ်း၊ ကွန်ကရစ်လမ်း တစ်လမ်း၊ ကျောက်လမ်း တစ်လမ်း စုစုပေါင်း လမ်းအရှည် ၇ ဒသမ ၃၅ မိုင် ခင်းပေးနိုင်ခဲ့ပြီး လမ်းလေးလမ်းကို ပြုပြင်ပေးခဲ့ကာ တံတား ၁၀၆ စင်း၊ ရေမြောင်း ငါးမြောင်းနှင့် ပလက်ဖောင်းနှစ်ခု တည်ဆောက်ပေးနိုင်ခဲ့ကြောင်း သိရှိရသည်။ (ဝ၄ဝ)

လယ်ယာသန်းခေါင်စာရင်း ကောက်ယူရေးသင်တန်း ပြည်မြို့၌ဖွင့်

ပြည် ဇန်နဝါရီ ၂၈

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြည်ခရိုင် ပြည်မြို့နယ်တွင် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း စီမံကိန်း တိုင်းဒေသကြီးအဆင့် စာရင်းကောက် ကြီးကြပ် သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၂၄ရက် နံနက် ၉နာရီက ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာန ရုံးခန်း၌ ကျင်းပရာ အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ် စိန်မြင့် တက်ရောက်ပြီး အမှာစကား ပြောကြားကာ တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဦးမျိုးဦးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ပေးအပ်

အခမ်းအနားသို့ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းသားများ တက်ရောက်ကြပြီး သင်တန်းဖွင့်လှစ်ခြင်း အထိမ်းအမှတ် အလံများကို တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူးက တာဝန်ရှိသူများထံ ပေးအပ်သည်။

အဆိုပါ သင်တန်းကို ဇန်နဝါရီ ၂၄ ရက်မှ ၂၉ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့ပြီး သင်တန်းသား ၄၉ဦး တက်ရောက်ခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်း ပညာရေးကောလိပ်လေ့ကျင့်ရေး အလယ်တန်းကျောင်း ပညာရည်ချွန်ဆုပေးပွဲနှင့် စုံညီပွဲတော် အခမ်းအနားကို ဇန်နဝါရီ ၃ ရက်က ပညာနေခြည်ခန်းမ၌ ကျင်းပရာ သင်္ဃန်းကျွန်း ပညာရေးကောလိပ် ကျောင်းအုပ်ကြီး ဒေါ်ခင်ဝေမြင့်က ဘက်စုံဒုတိယ ထူးချွန်ဆုရ စတုတ္ထတန်းမှ မောင်ညဏ်လင်းထွန်းအား ဆုချီးမြှင့်စဉ်။

(ပညာရေး)

ဇန်နဝါရီ ၁၉ ရက်က ကမာရွတ်မြို့နယ် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း၌ကျင်းပသော မင်္ဂလာတရားတော်နှင့်ဗုဒ္ဓဝင်စာမေးပွဲကို ကျောင်းသား ကျောင်းသူ ၈၀၀ ဝင်ရောက်ဖြေဆိုခဲ့ရာ မြို့နယ်အဆင့် ထူးချွန်ကျောင်းသား ကျောင်းသူ ၅၀အနက် မြို့နယ်အဆင့် ရွှေဆုရသူ အဋ္ဌမတန်းကျောင်းသူ မအေးရတနာအောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးဇဉ် ဆုချီးမြှင့်စဉ်။ (၁၁၉)

အနန္တရောင်ခြည် စာကြည့်တိုက် ချောက်မြို့နယ်၌ ဖွင့်

ချောက် ဇန်နဝါရီ ၂၈

ချောက်မြို့နယ် သွေးနက်ကျေးရွာ အနန္တရောင်ခြည် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီက ကျင်းပရာ အဆောက်အအုံသစ်ကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး ဦးသန်းအောင်၊ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိ ဦးသန်းဌေး၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ (ခေတ္တ) ဥက္ကဋ္ဌ ဒုတိယရဲမှူးကံဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အနန္တရောင်ခြည် စာကြည့်တိုက်သို့ မန္တလေးမြို့ ဇုန် (၂)လမ်းရှိ စေတနာဆီစက်ပိုင်ရှင် ဦးရဲမောင် - ဒေါ်ကံရွှေ မိသားစုက ငွေကျပ် ၁၅၀၀၀၀၊ သွေးနက်ရွာနေ ဦးစိန်အုပ်-ဒေါ်သိန်းမြင့် မိသားစုက အလှူငွေကျပ် ၃၀၀၀၀၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးသန်းက ငွေကျပ် ၁၀၀၀၀ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးကျော်မောင်က လက်ခံယူခဲ့သည်။

ဆက်လက်၍ ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်နေ ဦးမျိုးကိုကို - ဒေါ်အေးအေးသန်း မိသားစုက စာအုပ်စာစောင်မျိုးစုံ အုပ်ရေ ၂၈၀၊ ဝွေးပင်ကျေးရွာနေ ဦးအောင်ဇော်မိုးက အုပ်ရေ ၁၂၀၊ ကျောက်ပန်းတောင်းမြို့ အရန်မီးသတ် တပ်ရင်းမှူး ဦးစိုးနောင်က ဂျာနယ် အစောင် ၁၀၀နှင့် သွေးနက်ရွာနေ ဦးမောင်ဒွေး - ဒေါ်ခင်မြ မိသားစုက စားပွဲတစ်လုံးနှင့် ကုလားထိုင်ခြောက်လုံး ပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက်မှူး ဒေါ်ဥမ္မာက လက်ခံယူခဲ့သည်။

အနန္တရောင်ခြည် စာကြည့်တိုက်သည် အလျား ၂၄ပေ၊ အနံ ၁၂ပေ၊ အမြင့် ၁၀ပေ၊ သွပ်မိုး၊ အုတ်ကာ အဆောက်အအုံဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မြို့နယ်သတင်း ထွေထလာ

ရှင်းလင်းတင်ပြ

လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က နာနတ်တော-ထေးပလော်ခူ မြေသားလမ်း ဖောက်လုပ်နေမှုကို ဇန်နဝါရီ ၁၅ ရက်က ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဝင်းမောင် ကွင်းဆင်းစစ်ဆေးရာ လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးအောင်ကျော်မိုး ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စိုက်ပျိုးရေး နည်းပညာပေးသင်တန်း တောင်ငူ၌ပို့ချ

တောင်ငူ ဇန်နဝါရီ ၂၈

မြန်မာ့ စိုက်ပျိုးရေးလုပ်ငန်းမှ ဦးမောင်မောင်ရင် မန်နေဂျာ (မျိုးစေ့) ခေါင်းဆောင်၍ ဒေါ်သူဇာမြင့် မန်နေဂျာ (မြေအသုံးချ)၊ ဒေါက်တာ ခင်ညွန့်ရီ လက်ထောက်မန်နေဂျာ (သီးနှံကာကွယ်ရေး)တို့ ပါဝင်သောပညာပေးအဖွဲ့သည် ဇန်နဝါရီ ၁၉ ရက် နံနက် ၈နာရီက မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တောင်ငူခရိုင် မန်နေဂျာရုံး၌ နည်းပညာပေး သင်တန်းပို့ချရာ ခရိုင်/မြို့နယ်များမှ ဝန်ထမ်း ၁၀၂ ဦး တက်ရောက်ကြသည်။

ပြန်လည်ဆွေးနွေး

အဆိုပါသင်တန်းတွင် မျိုးစေ့၊ မြေအသုံးချနှင့် သီးနှံကာကွယ်ရေးတို့မှ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် အထောက်အကူပြုနည်းပညာများကို ဘာသာရပ်အလိုက်ပို့ချပြီး ခရိုင်မန်နေဂျာ ဦးစိုးမြင့်နှင့် မြို့နယ်မန်နေဂျာများက ဒေသအတွင်းကြုံတွေ့ရသော စိုက်ပျိုးရေး ပြဿနာများကို ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(မြန်မာ့စိုက်ပျိုးရေး)

စာမေးပွဲများအတွက် ပြင်ဆင်နိုင်ရေး ရှင်းလင်းပြောကြားမည်

ရန်ကုန် ဇန်နဝါရီ ၂၉

စင်ကာပူအစိုးရမူလတန်းနှင့် အလယ်တန်းကျောင်းများသို့ ဝင်ခွင့်လျှောက်ထားလိုသော မိဘများအတွက် AEIS (Admission Exercise for International Students), QT (Qualifying Test) ဝင်ခွင့်စာမေးပွဲများအတွက် ပြင်ဆင်ခြင်းနှင့် မိမိတို့ကလေး၏ အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည် အသက်အလိုက် ပြင်ဆင်ဖြေဆိုသင့်သော အတန်းများအကြောင်းကို Singapore Education Road Show 2011 ကျင်းပမည့် ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ စင်ကာပူမှ တာဝန်ရှိသူက ရှင်းလင်းပြောကြားမည်ဖြစ်သည်။

AEIS ကို နှစ်စဉ် စက်တင်ဘာနှင့် အောက်တိုဘာများတွင် ကျင်းပလေ့ရှိပြီး စာမေးပွဲအောင်မြင်ပါက ဇန်နဝါရီလတွင် အစိုးရကျောင်းများသို့ တက်ရောက်ရမည်ဖြစ်သည်။ AEIS Test တွင် English နှင့် Mathematics ကို ဖြေဆိုရမည်ဖြစ်ပြီး အောင်မြင်သော ကျောင်းသားများအား သင့်လျော်သော ကျောင်းကို တစ်ခါတည်းရွေးချယ်နေရာချထားပေးသော စနစ်ဖြစ်သည်ဟု သိရသည်။

Ascensia Academy သည် စင်ကာပူအစိုးရက ချီးမြှင့်ထားသော Best Enrichment Programme ဆုကို ရရှိထားပြီး နိုင်ငံတကာကျောင်းသားများအတွက် အစိုးရကျောင်းဝင်ခွင့် ပြင်ဆင်ပေးသော၊ ပရိုဂရမ်များကို သင်ကြားပေးသော၊ စင်ကာပူနိုင်ငံ၏ ပထမဆုံးသော ကျောင်းဖြစ်ကာ စင်ကာပူအစိုးရကျောင်းဝင်ခွင့် (Primary 1 မှ Primary 5) အထိ၊ (Secondary 1 မှ Secondary 3) တန်းများအထိ ဝင်ခွင့်ပြင်ဆင်ပေးပြီး စင်ကာပူပညာရေးဝန်ကြီးဌာန၌ မှတ်ပုံတင်ထားသော သင်တန်းများဖြစ်သည်ဟု သိရသည်။

စုံစမ်းမေးမြန်းနိုင်

အသေးစိတ်သိရှိလိုပါက CROWN Education ဖုန်း- ၂၁၁၈၈၈၊ လိုင်းခွဲ ၂၂၈-၂၂၉၊ ၀၉-၅၀၈၅၁၈၅နှင့် ၀၁-၇၃၀၄၀၆၈၈ တို့တွင် စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မီးဘေးရှောင် မလောင်ခင်တား

အမည်ပြောင်း

ဦးအောင်ဇော် ၁၄/ဘကလ (နိုင်) ၁၄၂၂၅၉၏သား မောင်နေဝန်းအား မောင်ထူးခန့်ဟု ခေါ်ပါရန်။

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၃၁၃၃၈၂ ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဝင်း ၉/ကတန(နိုင်)၀၃၀၁၇၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန (ခရိုင်ရုံး)၊ ရမည်းသင်း။

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၇ယ/၈၂၁၇၃ Sumbo 125 မော်တော်ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မျိုးလွင် ၁၃/လရန(နိုင်)၀၁၇၇၂၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန (ပြည်နယ်ရုံး)၊ လားရှိုး။

ပျောက်ဆုံးကြောင်း

မောင်ဇော်မင်းဦး၏ ပတ်စပို့နံပါတ် PP-၇၂၈၀၃၅ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၀၂၁၉၃၂။

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ခ/၇၉၅၈ Cham Truck ,Truck (8x2)T/S ယာဉ်လက်ဝယ်ရှိသူ ချစ်ခင်မြတ်နိုးဖွယ်ကောင်းသောကုမ္ပဏီလီမိတက်က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန(ရွာသာကြီးရုံး)၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၈၊ မြေကွက်အမှတ် ၃၃၆/၂၊ မြေကွက်တည်နေရာ အမှတ် ၃၃၆၊ သုဓမ္မာလမ်း၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပ (၁)ဒေါ်သန်းညွန့် AD-၀၀၀၂၀၉၊ (၂)ဦးခင်သိန်း CE-၀၃၃၁၁၁ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သော ဦးခင်သိန်း ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သော ဒေါ်သန်းညွန့်က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၁၀၀၆/ခ၊ မြေကွက်တည်နေရာအမှတ် ၁၀၀၆/ခ၊ မေတ္တာလမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပ ဦးမြင့်သိန်း ၁၂/ဥကတ(နိုင်)၀၂၄၁၂၈ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးမြင့်သိန်း ကွယ်လွန်သဖြင့် ဒေါ်တင်စီ ၁၂/ဥကတ(နိုင်)၀၂၇၅၁၀က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

(၂၈)ဆူဘုရားနှင့် ဗောဓိပင်များ ပြုပြင်မွမ်းမံပူဇော်ခြင်း

သာသနာရေးဝန်ကြီးဌာန၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန အောက်ရှိ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)ဝင်းအတွင်း 'မဟာဝုန်တော'၌ မင်းကွန်းတိပိဋက ဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသမှ နှစ်ကျိပ်ရှစ်ဆူဘုရားများနှင့် ဗောဓိပင်တို့ကို မြန်မာသက္ကရာဇ် (၁၃၁၅)ခု၊ ခရစ်နှစ် (၁၉၅၄)ခုက တည်ဆောက်ခဲ့ပါသည်။

ယခု (၅၇)နှစ်အတွင်းမှာ သဘာဝဘေးဒဏ်အမျိုးမျိုးကြောင့် ယိုယွင်းပျက်စီးလျက်ရှိရာ ဗုဒ္ဓဘာသာဝင်တိုင်း ဖူးမြော်ထိုက်သော (၂၈)ဆူ ဘုရားများနှင့် ဗောဓိပင်တို့ကို အသစ်တစ်ဖန် ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက် စိုက်ပျိုးနိုင်ရန် လိုအပ်လျက်ရှိပါသည်။

ထို့ကြောင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဆရာတော်များ နှင့် တိပိဋကဆရာတော်များ၏ ဩဝါဒအတိုင်း ပူဇော်ကြပါမည်။ အလှူရှင် ဓမ္မမိတ်ဆွေများ အခွင့်အခါကြုံကိုက် လှူဒါန်းလိုပါလျှင် ဆက်သွယ်နိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်ခင်များ။

အကျိုးတော်ဆောင် ► S.S ခင်မောင်အေး ပညာဗိမာန်စာအုပ်တိုက်၊ (၂၃၇)၊ ၃၉လမ်း(ထက်)၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၄၃၁၄၃၊ ၀၁-၇၃၀၂၉၃၃၆၊ ၀၉၅၁၃၆၇၄၆

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပြင်ဦးလွင်မြို့၊ (၁၆)ရပ်ကွက်၊ ၁၈ လမ်းနေ ဒေါ်အုန်းကျင်၏သမီး မဝေဝေအေး(ခ) မဝင်းမြိုင်အေး ၉/မမန(နိုင်)၀၈၃၀၁၁ သည် မိဘသဘောမတူသည်ကို ပြုလုပ်ပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။

ဒေါ်အုန်းကျင်
၉/မမန(နိုင်)၀၂၁၀၈၄။

ဒေါ်မြတ်သန္တာဝင်း ၁၂/ဗတထ(နိုင်)၀၃၁၇၄၁နှင့် အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ် ၂၂၀၊(သုံးထပ်-ယာ)၊ ဗိုလ်အောင်ကျော်လမ်းနေ ဒေါ်မြတ်သန္တာဝင်း ၁၂/ဗတထ(နိုင်)၀၃၁၇၄၁ သည် ကျွန်ုပ်၏ မိတ်ဆွေထံမှ သူမ၏လုပ်ငန်းအခက်အခဲကို ယုံကြည်အောင်တင်ပြပြောဆို ပြီး ယုံကြည်မှုအရ ငွေချေးထားကြောင်းနှင့် ပြန်လည်ပေးဆပ်မည်ဖြစ်ကြောင်း ကိုယ်ပိုင်ဝန်ခံချက် စာချုပ်ကိုရေးသားချုပ်ဆိုပြီး ငွေကျပ်သိန်း၂၀၀ (ကျပ်သိန်းနှစ်ရာတိတိ)ကို ထုတ်ယူသွားပါသည်။ ထိုသို့ထုတ်ယူကြောင်းကိုလည်း သူမ၏ ရှေ့နေများမှတစ်ဆင့် ထုတ်ဖော်ဝန်ခံသည့်စာကို ပေးပို့ထားပါသည်။

ထို့အပြင် ယင်းထုတ်ယူထားသောငွေအပေါ် ကျွန်ုပ်၏မိတ်ဆွေအား လစဉ်ခံစားမှု အနေဖြင့် နှစ်ဦးသဘောတူသတ်မှတ်ထားသော ရာခိုင်နှုန်းနှင့်ညီမျှသည့် ငွေကို ပုံမှန်ပေးမည်ဟု ပြောဆိုကာ ယူသွားခဲ့ရာ ယနေ့အထိ ကျွန်ုပ်၏ မိတ်ဆွေအား ငွေသားတစ်စုံတစ်ရာမျှ ကိုယ်ထိလက်ရောက်ပေးဆပ်ခြင်း မရှိသည့်အတွက် ယခုကြော်ငြာစာပါသည့် ရက်မှစ၍ ကျွန်ုပ်ထံသို့ အမြန်ဆုံးဆက်သွယ်ပေးဆပ်ရန် အသိပေးကြေညာအပ်ပါသည်။ ယခုကြော်ငြာမှုအပေါ် လျစ်လျူရှုပါက ဖြစ်ပေါ်လာမည့် ကိစ္စအဝဝသည် လူကြီးမင်း၏တာဝန်သာ ကျရောက်မည်ဖြစ်ကြောင်း ဒေါ်မြတ်သန္တာဝင်းနှင့် အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဦးဇော်ဇော်၏လွှဲအပ်ညွှန်ကြားချက်အရ-
စိန်ဂျွန်းခင်မောင်သန်း LL.B
တရားရုံးချုပ်ရှေ့နေ(၆၀၅၁)
အမှတ် ၁၁၃၊၅+၆လွှာ(ဝဲခန်း)၊ ၅၂ လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၇၀၀၆၅၄။

Job Vacancy

(For Local Services Only)

A well established, freight forwarding company require for highly motivated, aggressive and dynamic individuals to fill up following positions:

1) Assistant Sales Manager	M/F	(1) post
2) Executive Secretary	F	(1) post
3) Sales Executive	M/F	(1) post

Male or female under age of 35 with pleasant personality, good interpersonal skills, able to speak., read and write English fluently, good computer knowledge, good typing skill both English and Myanmar, for the post of Secretary requires very good skill in Power Point presentation additionally. Interested applicants are invited to submit a written application together with recent photo, C.V, Labour Registration Card and Certificates to:

Full Moon Services Ltd.
No.7, Pyidaw Aye Yeiktha St, Yankin Tsp, Yangon.
Tel/Fax : 664084, 664013, 663917.

တိုက်ခန်းရောင်းမည်

၁၂ ½ပေ×ပေ၆၀၊ မြေညီထပ်ထောင့်ခန်း၊ ထပ်ခိုးအပြည့်ပါ အရှေ့ဘက်မျက်နှာလှည့်၊ အခန်းရှေ့ မြေပိုပါ၊ ရွာမကွေ့ကားမှတ်တိုင်နှင့် ရေကြောင်းသိပ္ပံအနီး၊ ဘုရင့်နောင်လမ်းမပေါ်၊ (ပွဲစားမလို)။

ဖုန်း-၀၁-၇၃၀၁၃၈၀၄။

ကန့်ကွက်နိုင်ပါကြောင်း

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်၂၆ F၆၊ မြေကွက်အမှတ် V.၈၃၊ မြေကွက်တည်နေရာအမှတ် ၄၀၄၊ ကမ်းနားလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးမောင်မောင်-ဒေါ်စောတင် အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဖခင် ဦးမောင်မောင်၊ မိခင် ဒေါ်စောတင်တို့ ကွယ်လွန်သဖြင့် (၁)ဒေါ်အေးအေးသိန်း ၁၂/ကမတ(နိုင်) ၀၀၃၄၁၇၊ (၂)ဒေါ်အေးအေးငြိမ်း ၁၂/ကမတ (နိုင်) ၀၀၃၄၁၈၊ (၃) ဦးခင်ဇော် ၁၂/ကမတ (နိုင်) ၀၀၃၄၅၉၊ (၄)ဦးစန်းမြင့် ၁၂/ကမရ(နိုင်)၀၁၆၇၈၁ တို့က သားသမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မအူပင်မြို့၊ (၉)ရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ် ၄၈နေ ဦးခင်သန်း၏သား မောင်ဇော်ဝင်းလှိုင်(ခ)ရာဇာသည် မိခင်ကို အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။

မိခင်-ဒေါ်မမလေး
၁၄/မအပ(နိုင်)၀၁၈၇၂၆
(၉)ရပ်ကွက်၊ မအူပင်မြို့။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ပခ/၁၇၂၇၈ ယာဉ်လက်ဝယ်ရှိသူ ဦးစိုးဝင်း ၇/တငန(နိုင်)၀၃၁၄၈၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန (ခရိုင်ရုံး)၊ တောင်ငူ။**

ပျောက်ဆုံးခြင်း

အရှင်စရိယ၏ နိုင်ငံကူးလက်မှတ် အမှတ်-၈၇၂၉၁၀ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၅၀၇၀၄၂၄။

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဦးဇော်ဝင်း-ဒေါ်သင်းသင်းညွှန့်တို့၏သမီးဖြစ်သူ မစုမြတ်ဇော် ၁၂/အစန (နိုင်) ၂၀၆၂၂၀ သည် မိဘဆိုဆုံးမမှုကို မနာခံပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှအမွေပြတ် စွန့်လွှတ်လိုက်ပါသည်။

ဦးဇော်ဝင်း
၁၂/ဒဂန(နိုင်)၀၀၄၄၈၃
ဒေါ်သင်းသင်းညွှန့်
၁၂/ဒဂန(နိုင်)၀၀၆၁၂၈။

ဆီမီး ၉၉၀၀အဖွဲ့တည်ထောင်ခြင်း အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ဆီမီး ၉၉၀၀ အဖွဲ့ တည်ထောင်ခြင်း (၁၃)နှစ်ပြည့်အခမ်းအနားကို ဇန်နဝါရီ ၁၄ ရက် ညနေပိုင်းက မြို့နယ်စုပေါင်းရုံးဝင်းအတွင်းရှိ အဖွဲ့ရုံးခန်းမ၌ကျင်းပရာ ဆီမီး ၉၉၀၀ အဖွဲ့ နာယက ဦးစိုးဝင်း(သတင်းထောက် စဥ့်ကူစိုးဝင်း)က အမှာစကားပြောကြားပြီး **(ဝဲပုံ)**၊ ဥက္ကဋ္ဌ ဦးမြင့်စိုး (တရားရုံးချုပ်ရှေ့နေ)၊ ဒုတိယဥက္ကဋ္ဌ(၁) ဦးအေးသီ (တရားရုံးချုပ်ရှေ့နေ)၊ အတွင်းရေးမှူး ဦးခင်မောင်ညွှန့်(တရားရုံးချုပ်ရှေ့နေ)တို့က (၁၃)နှစ်ကာလအတွင်း အဖွဲ့၏ဆောင်ရွက်ချက်များကို နှစ်အလိုက် ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရှိရသည်။ (၁၁၃)

ရေလှောင်ကန်တူးဖော်

ပေါင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော အလှပ်ကျေးရွာတွင် မြေသား ရေလှောင်ကန်တူးဖော်နေမှုကို ဇန်နဝါရီ ၁၀ ရက်က အမှုဆောင်အရာရှိ ဦးကျော်လှနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းဇော်တို့ ကွင်းဆင်း စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

အားကစားမြင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်
မူးယစ်ဆေး

တပ်ကုန်းမြို့နယ် ဥက္ကဋ္ဌဖလား ဘောလုံး ဗိုလ်လုပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၉

နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဇန်နဝါရီ ၂၅ ရက် ညနေက တပ်ကုန်းမြို့နယ် အားကစားကွင်း၌ ကျင်းပရာ ဆရာစံရပ်ကွက် ဘောလုံးအသင်းက ဗိုလ်မင်းရောင်ရပ်ကွက် ဘောလုံးအသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ချီးမြှင့်

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးလူ **(အပေါ်ပုံ)**က ပထမရရှိသွားသော ဆရာစံရပ်ကွက်အသင်းအား ပထမဆုဖလား ဂုဏ်ပြုဆုငွေကျပ် သုံးသိန်းကို လည်းကောင်း၊ ဒုတိယဆုရ ဗိုလ်မင်းရောင်ရပ်ကွက် ဘောလုံးအသင်းအား အဖွဲ့ဝင် ဒုတိယရဲမှူးဝင်းတင်က ဒုတိယဆုဖလားနှင့် ဂုဏ်ပြုဆု ငွေကျပ်နှစ်သိန်းကိုလည်းကောင်း ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ (၀၉၁)

ယင်းမာပင်၌ လူထုလမ်းလျှောက်ပွဲဆင်နွှဲ

ယင်းမာပင် ဇန်နဝါရီ ၂၈

မုံရွာခရိုင် ယင်းမာပင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှုအဖြစ် နောက်ဆုံးအပတ် လူထုလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂၅ ရက် နံနက် ၅ နာရီက ကျင်းပသည်။

လမ်းလျှောက်ပွဲတွင် လွတ်လပ်ရေးကျောက်တိုင်မှ မြို့သစ်ကျေးရွာလမ်းခွဲသို့ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလှိုင်၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မ လေးရပ်ကွက်အတွင်းမှ မိဘပြည်သူများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ပါဝင်ဆင်နွှဲကြကြောင်း သိရှိရသည်။ **(ယာပုံ)** **(မြို့နယ် ပြန်/ဆက်)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ နေပြည်တော်သို့ စုံစုံညီညီရောက်ရှိ တည်းခိုနေထိုင်ရေး၊ စားသောက်ရေးနှင့် သွားလာရေး အစစ အဆင်ပြေလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၉

၂၀၁၁ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် စတင်ကျင်းပမည့် လွှတ်တော်အစည်းအဝေးများ တက်ရောက်ရန်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များသည် နေပြည်တော်သို့ စုံစုံညီညီ ရောက်ရှိနေကြပြီဖြစ်သည်။

အဆင်ပြေ

ထိုသို့ရောက်ရှိလာကြသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ တည်းခိုနေထိုင်ရေး၊ စားသောက်ရေးနှင့် သွားလာရေးကိစ္စရပ်များကို သက်ဆိုင်ရာက ကြိုတင်စီမံဆောင်ရွက်ပေးထားသည့်အတွက် ကိုယ်စားလှယ်များအနေဖြင့် အစစ အဆင်ပြေပြေ တည်းခိုနေထိုင်လျက်ရှိကြောင်း သိရှိရသည်။

လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်အစည်းအဝေးများ တက်ရောက်နိုင်ရေးအတွက် လိုအပ်သည့် အုပ်ချုပ်မှုကိစ္စရပ်များကို ဆက်သွယ်ဆောင်ရွက်လျက်ရှိကြကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

ကြက်ခြံများမှထွက်ရှိသော ကြက်ဥများကို ဤသို့ တွေ့ရသည်။

➢ သတင်းဆောင်းပါး - မောင်မောင်ထွေး(သတင်းစဉ်)
➢ ဓာတ်ပုံမှတ်တမ်း - သာညဏ်(သတင်းစဉ်)

တကယ်လုပ်ပြီး အဟုတ်ဖြစ်သွားသူတို့၏ ဘားအံမြို့က မွေးမြူရေးဇုန်

နေပြည်တော် ဇန်နဝါရီ ၂၉

ဥစားကြက်တို့၏ အစာကောက်သံများက နရီစည်းဝါးညီညီဖြင့် နားထောင်၍ပင်ကောင်းနေသည်။

“ဥစားကြက်ကောင်ရေ ၅၀၀ ကို မတည်ရင်းနှီးမြှုပ်နှံငွေ ကျပ် ၁၀သိန်းနဲ့ ၂၀၀၀ ပြည့်နှစ်က စတင်လုပ်ကိုင်လာခဲ့တာ အခု ဆရာတို့မြင်တဲ့အတိုင်းပဲ ကောင်ရေ ၈၀၀၀ ဖြစ်လာပါပြီ”။

စာမျက်နှာ ၉ ကော်လံ ၅ ◆

ထူးခြားသည့် ညအပူချိန်များ ၂၉-၁-၂၀၁၁

ဟားခါးမြို့ -၃ ဒီဂရီစင်တီဂရိတ်	ဟဲဟိုးမြို့ ၂ ဒီဂရီစင်တီဂရိတ်
နမ့်စန်မြို့ ၁ ဒီဂရီစင်တီဂရိတ်	လားရှိုးမြို့ ၃ ဒီဂရီစင်တီဂရိတ်
ပင်လောင်းမြို့ ၁ ဒီဂရီစင်တီဂရိတ်	ပူတာအိုမြို့ ၄ ဒီဂရီစင်တီဂရိတ်